


ရွှေစင်သက်ထား

# နုယဉ်

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

# ရွှေစင်သက်ထား

# နုယဉ်



လက်ထဲမှ စာရွက်ကလေးကို ဖြန့်၍ဖတ်ရင်း အတွေးပန်းချီကားများထဲတွင် စိတ်အာရုံနစ်မျော၍နေဆဲပင် ရှိလေသည်။ အိမ်ကြီးတစ်ခုလုံးမှာ ငြိမ်သက်တိတ်ဆိတ်လုပေ၏။ ပန်းချီကားများမှာ တစ်လွှာပြီးတစ်လွှာ ဆက်ကာဆက်ကာ ပေါ်လာပြီး ပျောက်၍ပျောက်၍ သွားကြကုန်သည်။ ဤပန်းချီကားထဲမှာ ရုပ်ပုံတစ်ခုသာလျှင် သူ့စိတ်အာရုံထဲမှာ ပျောက်ဖျက်၍မရ စွဲမြဲ၍ ကျန်နေခဲ့လေသည်။

ISBN 9789997119216
NY7
9 789997 119216
3,200.00KS

mgyoe.com

ရွှေစင်သက်ထား၊ နယ်ဦ
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၂၃၈ မျက်နှာ၊ ၁၄ ∙ ၅ စင်တီ× ၂၀ ∙ ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၉၊ နိုဝင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၅၆ ခုနှစ်ထုတ် ပထမအကြိမ်မှ

ရောင်းဈေး ၃၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

ရင်သွေးဖော်လေးသို့ ...

mgyoe.com

mgyoe.com

# အခန်း (၁)

"ဟဲ့ . . . "နော်မေ" တစ်ယောက် ကလေး ဘယ်ဆီများ သွားထိန်းနေသလဲ. . . ဖိုးစံရေ . . . လိုက်ကြည့်လိုက်စမ်းပါကွယ်"

ခံ့ညားသော နှစ်ထပ်တိုက်ကြီးပေါ်မှ အသံတစ်သံသည် မနက်စောစောလေအေးမှာ လွင့်၍ပါလာလေသည်။

အသံနှင့် မရှေးမနှောင်းလောက်မှာပင် အောက်ထပ် လှေကားထစ်များဆီမှ ဒရိုင်ဘာ ဖိုးစံဆိုသူသည် ပြေးတက်လာလေသည်။

"မနော်မေ ခြံထဲမှာမရှိဘူး မမကြီးရဲ့၊ ခုနတင်ပဲ ခြံဝမှာ တွေ့လိုက်တယ်"

ပြတင်းဝမှ လှမ်းမျှော်၍ကြည့်နေသော သူဌေးကတော်ကြီး "ဒေါ်စိန်းလှ" သည် ဖိုးစံဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်ပြီး "ဟေ . . . ဟုတ်လား၊ ခြံအပြင်ဘက်များ ထွက်သွားပြန်ပြီလားဟဲ့ ဒီ. . . နော်မေဟာလေ . . . ပြောထားလျက်သားနဲ့" ပြောပြောဆိုဆိုပင် သူဌေးကတော်ကြီးသည် တိုက်အောက်ထပ်သို့ ခပ်ပျာပျာကလေး ပြေးဆင်းသွားလေတော့သည်။

တိုက်အောက်ထပ် ဆင်ဝင်လောက်ဆီမှ ခြံဝသို့ လှမ်း၍ကြည့်လိုက်ပြီးမှ တစ်ဖန် အနောက်ဘက် ဒရိုင်ဘာ ဖိုးစံဘက်သို့ တစ်လှည့်၊ ထမင်းချက် မယ်အေးတို့ လင်မယား နေထိုင်သည့် အစေခံတန်းလျားဆီသို့အထိ လှည့်၍ကြည့်လိုက်ပြီး သူဌေးကတော် ကြီးသည် ကျယ်ဝန်းသော ပန်းခြံတစ်လျှောက် အပြင်းလှည့်လည့် ကြည့်ရှုလျက် ရှိလေသည်။

mgyoe.com

mgyoe.com

သူဌေးကတော်ကြီးမှာ အသားဖြူဖြူဝဝ ဖိုင့်ဖိုင့်ကြီးပင် ဖြစ်သော်လည်း မျက်နှာမှာ အနည်းငယ်ကျ၍နေပေပြီ။

သူသည် ကလေးအတွက် သောကရောက်နေရ၍လားမသိ၊ မျက်နှာက အနည်းငယ်ကလေးအိုရှ်၍ နေပေသည်။

"နော်မေ" ကလည်းလေ . . . အပြင်ထွက်ပြီး ကလေးမထိန်းပါနဲ့လို့ ပြောထားလျက်ကနဲ့ ထွက်ဖြစ်အောင်လည်း ထွက်လိုက်ရသေးတယ်၊ နော်မေရေ . . . အေ. . . နော်မေ . . ."

ဒေါ်စိန်းလှသည် ခြံပေါက်ဆီမှရပ်ပြီး အပြင်ဘက်ဆီသို့ လှမ်းမျှော်ပြီး ခေါ်နေလေသည်။

မကြာမီမှာပင် ကလေးလက်တွန်းလှည်းကလေးကို တွန်းကာ လျှောက်လာနေသော ကရင် အာယားမကလေး တစ်ယောက်သည် ဒေါ်စိန်းလှရှိရာသို့ ကပျာကသီ ရောက်လာလေတော့သည်။

"ကျွန်မ ဒီနားတင်မှာပဲ ရှိပါတယ် မမကြီးရဲ့၊ ဘယ်မှမသွားပါဘူး၊ မမကြီးခေါ်နေတာ ခုပဲ ကြားရပါတယ်" ဒေါ်စိန်းလှသည် ကလေးကို တွေ့ရကာမှ အနည်းငယ် စိတ်ဆိုးပြေသွားပြီး။

"နော်မေ . . . ညည်း နောက်ကို ကလေး ဒီခြံထဲတွင်မှာပဲ ထိန်းပါအေ၊ အပြင်ဘက်ကို လုံးလုံးမထွက်ပါနဲ့"

"ကျွန်မ မထွက်ပါဘူး မမကြီးရဲ့၊ ကိုဦးကလေးက အပြင်ထွက်ရအောင် ဆိုတာနဲ့ ခဏထွက်ပြတာပါ၊ ခုနကကလေးပဲ ရှိပါသေးတယ်"

ဒေါ်စိန်းလှသည် လှည်းကလေးထဲမှ ကလေးကို ငုံ့၍ကြည့်လိုက်ပြီး။

"ဟုတ်လား . . . လူလေး . . . လူလေးက အပြင်ထွက်ချင်တယ်လို့ ပြောတယ်ဆို၊ လူကလေး လမ်းလျှောက်ချင်လို့ ထင်တယ်၊ နော်မေ အပြင်ဘက်မှာ ကလေး အောက်ဆင်းပြီး လျှောက်ခဲ့သေးသလား"

"ဟင့်အင်း မလျှောက်ပါဘူး ခုပဲ မမကြီးခေါ်သံ ကြားရတာနဲ့ ကျွန်မတို့ ပြန်ဝင်လာခဲ့ကြတာ"

ဒေါ်စိန်းလှသည် ကလေးကို ငုံ့၍ကြည့်ပြီး။

"လူကလေး ဒီမနက် လမ်းလျှောက်ချင်သေးသလား၊ လာ လာ . . .

mgyoe.com

mgyoe.com


ဒါဖြင့် ဘွားဘွားပါ ကူပြီး လျှောက်ပေးမှာပေါ့ . . . အမယ် . . . ကလေးလက်ထဲမှာ ပန်းပွင့်ကလေးတွေပါကော မွှေးလိုက်တာကွယ် . . . ကြိုင်လို့ပဲ"

ဒေါ်စိန်းလှသည် ကလေးလက်ထဲမှ ပန်းပွင့်ကလေးများကို ယူပြီး ကလေးကို ပွေ့ချီလိုက်လေသည်။

"ပန်းနဲ့ကလေးတွေ မွှေးတာနဲ့ ကိုဦးကလေးက ခူးပေးစမ်းပါနော် မေရယ်၊ ဘွားဘွားဘုရားရှိခိုးဖို့ဆိုတာနဲ့ ကျွန်မ ခြံစည်းရိုးပေါ်တက်ပြီး ခူးပေးတာ"

ဒေါ်စိန်းလှသည် မြေးကလေးကို ပွေ့ယူပြီး လှည်းကလေးကို မြက်ခင်းပေါ်မှာ ရပ်ထားလေသည်။

"လူကလေး လမ်းလျှောက်မယ်နော် ဘွားဘွားလက်ကို ကိုင်ထား . . . ကဲ . . . နော်မေက တစ်ဖက်ကကိုင် . . . လာ လူလေး အခု လူလေး လျှောက်တာဟာ မြက်ခင်းပေါ်မှာနော် မှတ်ထား"

ကိုဦးကလေးသည် နော်မေနှင့် ဘွားဘွားတို့နှစ်ယောက်ကြားတွင် ကြောင်တက်တက်ကလေး လိုက်ပါလာလေသည်။

"နော်မေ . . . ရေ . . . ပုဏ္ဏရိုက်ပင်နား ရောက်ပြီလားကွယ် ကိုဦးလေး . . . ပုဏ္ဏရိုက်ခူးချင်လို့"

"မရောက်သေးဘူးကွဲ့ ကလေး၊ ရောက်တော့ နော်မေ ပြောမှာပေါ့"

"ရောက်တော့ ပြောနော် . . . နော်မေ . . . ကိုဦးဘာသာ ခူးမယ် ဘွားဘွားလည်း ခူးမပေးရဘူး၊ ကိုဦး ကစားမလို့"

ကိုဦးလေးမှာ နှစ်ခါလည်သာကလေးပင် ဖြစ်သော်လည်း သူ့ဘာသာသူ လမ်းမလျှောက်နိုင်ရှာပါ။

သူသည် ဝဝတုတ်တုတ်ကလေးဖြစ်ပြီး ကျန်းမာတောင့်တင်းပါသည်။ အားအင်ချည့်နဲ့သူကလေး မဟုတ်ပါ။ သို့သော် သူ့မှာ ဘဝအကုသိုလ် အကျိုးပေးကြောင့် စက္ခုနှစ်ကွင်း အလင်းမရခဲ့ပါ။

ငယ်ငယ်ကတည်းက မိခင်နှင့် ကွဲကွာခဲ့ပြီး ဘွားအေနှင့် ဖခင်တို့၏ စောင့်ရှောက်မွေးမြူခြင်းကို ခံယူလာခဲ့ရသူကလေးသာ ဖြစ်ပါသည်။

ကိုဦးကလေး အခါလည်သာသာလောက်တွင်မှ သူ့မိခင်သည် သူ့အား စွန့်ပစ်ခွဲခွာ၍ သွားခဲ့လေသည်။ ကိုဦးကလေးသည် သူ့မွေးမိခင်ကို လုံးလုံးမေ့လျော့ခဲ့ပြီး ဘွားအေကြီးကိုပင် မိခင်ပမာ မှတ်ထင် ခင်မင်ခဲ့ရှာပါသည်။

mgyoe.com

mgyoe.com


လောကကြီးတွင် ကိုဦးကလေး မှတ်မိသူမှာ သုံးယောက်သာ ရှိပါသည်။ ဘွားဘွားနှင့် နော်မေ သည့်နောက် ကိုဦးကလေး၏ ဖခင်၊ ဤသုံးယောက်ကိုသာ ကိုဦး မှတ်မိပြီး အမြဲတမ်း စကားပြောလေ့ ရှိပါသည်။

ကိုဦးလေးမှာ နော်မေနှင့်သာ အမြဲလိုလို နေလေ့ရှိသော်လည်း သူ၏ ဘွားဘွားနှင့် ဖေဖေကိုကား မကြာခဏ မေးတတ်လေ့ ရှိပေသည်။

သို့သော် ကိုဦးကလေး၏ ဖေဖေမှာ တစ်ခါတစ်ရံ ကိုဦးကလေးထံသို့ မရောက်လာဘဲ ပျောက်ကွယ်၍နေတတ်ပေသည်။ ဤအခါ ကိုဦးကလေးသည် နော်မေနှင့် ဘွားဘွားအား တဖွဖွသတိရပြီး မေးတတ်လေ့ ရှိပေသည်။

သူ့မှာ ဖခင်အား မမြင်ဖူးရှာသော်လည်း အလွန်အမင်း ချစ်ခင်နေရှာပေသည်။ သူ့ဖခင်ကလည်း တွေ့သည့်အခါတိုင်း ယုယပြုစုလေ့ရှိပေသည်။ နှစ်ခါလည် သားပင် ဖြစ်သော်လည်း မွေးကတည်းက မျက်စိနှစ်လုံး မမြင်ရရှာသူ သားငယ်ကို သနားကြင်နာစိတ်ကြီးစွာဖြင့် ပွေ့ချီယုယလေ့ ရှိပါသည်။ ကိုဦးကလေး မေးမြန်းတတ်သည်များကို စိတ်ရှည်လက်ရှည် ဖြေဆိုသင်ပြလေ့သာရှိပေသည်။ သူ၏ ဖေဖေမှာ မိတဆိုး သားငယ်ကလေးအား အထိန်းလက်မှ မကြာခဏယူပြီး ချော့မြှူ ကစားလေ့ရှိသဖြင့် ကိုဦးကလေးမှာ သူ၏ ကစားဖော်ပမာ ရှိနေသော မွေးသဖခင် အား မကြာမကြာ သတိရ မေးမြန်းတတ်ခြင်းသာ ဖြစ်ပေသည်။

"ပုဏ္ဏရိုက်ပင်တွေနားကို ရောက်ပြီလား နော်မေ . . . ဟင်"

"ရောက်လုပြီ . . . ကလေး . . . ကဲကဲ. . . လာ. . . ဟောတာ ပုဏ္ဏရိုက်ပင်တွေပဲ"

ကိုဦးလေးသည် ဘွားဘွားနှင့် နော်မေလက်မှ ဖြုတ်ကနဲ ခွာခဲ့ပြီး ပုဏ္ဏရိုက် စည်းရိုးတွင် လက်ကလေးနှစ်ဖက်ကို တွယ်လိုက်လေတော့သည်။

ပြီးလျှင် သူ့ဘာသာ စမ်း၍ စမ်း၍ လျှောက်သွားနေလေသည်။

နော်မေနှင့် ဘွားဘွားမှာ သူ့နောက်မှ ကပ်၍လိုက်ကာ မျက်ခြည်မပြတ် ကြည့်ရှုလျက်ပင် ရှိကြလေသည်။

ကလေးသည် ပုဏ္ဏရိုက်ပင်တန်းတစ်လျှောက် တွယ်၍သွားရင်း တစ်ခါတစ်ခါ ပုဏ္ဏရိုက်သီးကလေးကို လက်ကလေးနှင့် စမ်းမိသည့်အခါ အလွန်အမင်း ဝမ်းသာနေရှာလေသည်။

mgyoe.com

mgyoe.com


နော်မေသည် ကိုဦးလေး ခူးပြီးသော ပုဏ္ဏရိုက်သီးကလေးများကို စုပြီး ကိုင်ထားရလေသည်။

ကိုဦးလေးသည် လမ်းလျှောက်နေရာမှ ခေတ္တရပ်နားလိုက်ပြီး ပြုံးကြောင်သော မျက်လုံးကလေးတစ်စုံဖြင့် ကောင်းကင်ဆီသို့ မှန်းမျှော်၍ ကြည့်လိုက်လေသည်။

"ဟော . . . ဘွားဘွား ကိုဦးလေးနားမှာ အော်သံကလေး တစ်ခု ကြားလိုက်ရတယ်၊ ပြီးတော့ လေလေးလည်း နည်းနည်းအေးသွားတယ်၊ အဲဒါဘာလဲဟင် . . . ဘွားဘွား"

ဒေါ်စိန်းလှသည် ကိုဦးလေး ကြည့်ရာဆီသို့ လိုက်၍ ကြည့်လိုက်လေ၏။

လိပ်ပြာကြီး နှစ်ကောင်မှာ ပုဏ္ဏရိုက်ပွင့် အဆုပ်ကြီးများပေါ်တွင် နားကာ ပျံကာနှင့် ပန်းဝတ်ရည်စုပ်ရင်း ချစ်ကြိုးသွယ်နေကြလေသည်။

"သြော် . . . ဒါ လူလေး သိချင်လို့လား . . . လိပ်ပြာကြီးတွေ ကလေးနားမှာ ဖြတ်ပြီး ပျံသွားတာလေ . . ."

"လိပ်ပြာကြီးတွေ ဟုတ်လား ဘွားဘွား . . . လိပ်ပြာကြီးတွေဟာ ဘယ်လိုနေမှာပါလိမ့်မလဲနော်၊ ကိုဦးလေးကို ပြောပြပါလား နော်မေရယ်"

နော်မေသည် လိပ်ပြာကြီးနှစ်ကောင်ကို ကြည့်နေရာမှ "လိပ်ပြာဆိုတာ လူတွေလိုမဟုတ်ဘူး ကလေးရဲ့ လေထဲမှာ လမ်းလျှောက်နေကြတာ၊ ဒါကြောင့် ကလေးနားမှာ ပျံသွားတော့ သူတို့ တောင်ပံကလေးတွေက လေအေးသွားတာပေါ့"

"အဲဒီလေထဲက လိပ်ပြာကြီးတွေ ကိုဦးလေး ကိုင်ချင်လိုက်တာ နော်မေရယ်၊ ယူပေးပါလား"

"လိပ်ပြာဆိုတာ ယူလို့ မရဘူး ကလေးရဲ့ မိုးပေါ်ကို ပျံသွားတတ်တယ်"

"ကိုဦးလေး ကိုင်ကြည့်ချင်လို့ပါ နော်မေရယ်၊ နော်မေ ဖမ်းလို့မရရင် ကိုဦးလေး ဖေဖေ ပြန်လာတော့ ဖမ်းခိုင်းဦးမယ် . . . နော် ဘွားဘွား"

"အေး . . . အေး . . . ဖမ်းတာပေါ့ကွယ်၊ လိပ်ပြာဆိုတာ ကိုဦးလေး ခုတင်က ခူးထားတဲ့ ပန်းပွင့်လေးတွေကိုပေါ့၊ အဲဒီလိုပဲ ပျော့ပျော့လေးနေတာပေါ့"

"ဒါဖြင့် သိပ်မွေးမှာပဲနော် ဘွားဘွား၊ အေးကွယ် ကိုဦးလေး ဖေဖေက လည်း လာခဲလိုက်တာ ဘွားဘွားတို့ နော်မေတို့ကလည်း ဖမ်းလည်း မပေးကြဘူးကွယ်"

mgyoe.com

ဒေါ်စိန်းလှသည် မြေးကလေးကို စိုက်ကြည့်နေရာမှ မျက်ရည်ကလေးပင် စို့လာအောင် ကရုဏာသက်မိရှာလေသည်။

"ကဲ . . . ကဲ လူလေး မြက်ခင်းပေါ်ပြန်ကြစို့၊ လာ . . . ဘွားဘွားကို လက်တွဲ . . . နော်မေ . . . လာဟဲ့"

ကိုဦးကလေးသည် မြက်ခင်းပေါ်တွင် လျှောက်နေရာမှ နေရောင်ခြည်နု ကလေးဆီသို့ မော့ကြည့်လိုက်ပြန်လေသည်။

"အခု မိုးလင်းပြီနော် . . . ဘွားဘွား . . . အခုမှ မိုးလင်းတယ်၊ မိုးလင်း ရင် ဖေဖေလာတော့မယ်၊ ဖေဖေလာရင် လိပ်ပြာဖမ်းခိုင်းမယ်၊ ဘွားဘွား ဖေဖေ လာတော့ ပြောနော်"

ဒေါ်စိန်းလှသည် မြေးကလေးကို အဖြေမပေးမိ မျက်ရည်စို့လာပြန်လေ တော့သည်။

"ဖေဖေ ဘယ်တော့လာမှာလဲဟင် . . . ဘွားဘွား မိုးလင်းနေမှပဲ၊ ဖေဖေ ကလည်းလေ . . . လာလည်း မလာဘူးကွယ်"

ဒေါ်စိန်းလှသည် မြေးကလေးကို လှည်းပေါ်သို့ ပြန်တင်လိုက်ပြီး မျက်နှာ မသာမယာဖြင့် ဆက်လက်၍ လျှောက်သွားလေသည်။ နော်မေမှာ ကလေးအား လှည်းကလေးထဲတွင် ထည့်ပြီး ပန်းခြံထဲတစ်လျှောက်တွင် ဆက်လက်၍ ထိန်းမြဲ ထိန်းနေခဲ့လေ၏။ ဒေါ်စိန်းလှသည် တိုက်အပေါ်ထပ်သို့ လေးကန်သော ခြေလှမ်း များဖြင့် တက်ခဲ့ပြီး အိပ်ခန်းတွင်းသို့ ဝင်ခဲ့လေတော့သည်။

ဒေါ်စိန်းလှ၏ခင်ပွန်းသည် ဦးဘမြင့်မှာ ဤအချိန်၌ မြို့တွင်းရှိ ဘုရားဆီ သို့ ဝတ်ပြုရင်း လမ်းလျှောက်ထွက်သွားလေပြီ။

ဒေါ်စိန်းလှသည် သူဖတ်နေကျ တရားစာအုပ်များထားရာ စာအုပ်စင် ကလေးပေါ်မှ စာအုပ်တစ်အုပ်ကို ဆွဲယူပြီး စာရွက်များကို ဟိုမှသည်မှ လှန်လှော ၍ နေပြန်လေ၏။ မဟောင်းလှသေးသော စာရွက်ခေါက်ကလေး တစ်ခုမှာ ဒေါ်စိန်းလှ ရှေ့သို့ လျှောခနဲ ထွက်ကျ၍ သွားလေတော့သည်။

ဒေါ်စိန်းလှသည် ဖြန့်၍ ဖတ်နေသော စာရွက်ကလေးထဲမှ စာလုံးများကို ဖြတ်ကျော်ကာ ရီဝေသော သူ့မျက်လုံးများသည် လွန်ခဲ့သော ဆယ်နှစ်ကျော် လောက်ဆီက အတိတ်ပန်းချီကားတစ်ခုဆီသို့ အာရုံစူးစိုက်နေခဲ့လေတော့သည်။

mgyoe.com

mgyoe.com


နီမှိုချည်မြင့်ချည် လှုပ်ရှားလျက်ရှိသော ဒေါ်စိန်းလှ၏ ရင်တွင်းမှ အသည်းနှလုံးများမှာ တဆတ်ဆတ် လှုပ်ရှားကြကာ ရပ်တည်ရာမရနိုင်လောက် အောင်ပင် ဝေဒနာအမျိုးမျိုးကို ခံစားလျက်ရှိ နေရရှာလေတော့သည်။

❐

mgyoe.com

mgyoe.com

# အခန်း (၂)

ပန်းခြံတွင်း၌ကား ပန်းရနံ့များသည် တသင်းသင်း မွှေးပျံ့လျက် ရှိလေသည်။

လိပ်ပြာမောင်မယ်တို့ ပန်းပေါင်းစုံ ရနံ့ခံကာ လေဟုန်စီးရင်း ဝတ်ရည်စုပ်နေကြလေပြီ။

အချိန်မှာ မနက် ကိုးနာရီကျော်ကျော်အချိန် (စံရိပ်ငြိမ်) ခြံကြီးမှာ ပကတိငြိမ်သက်ခြင်းမရှိလှဘဲ လူသံသူသံများ မပြတ်ကြားနေရပေသည်။

ထမင်းချက် မယ်သုံတို့ လင်မယားသည် မီးဖိုဆောင်ဆီ၌ အလုပ်ရှုပ်နေကြလေသည်။

ဒရိုင်ဘာ သာလှမှာ ကားကို ပွတ်တိုက်ပြင်ဆင်ပြီး မြို့ဘက်သို့ မောင်းနှင်၍ ထွက်သွားလေပြီ။

မြင့်မားသော နှစ်ထပ်တိုက်အပေါ်ထပ်ဆီမှ စာအံသံလိုလို၊ အင်္ဂလိပ်သီချင်းဆိုသံလိုလို အသံဗလံများသည် တစ်ခါတစ်ခါ ပန်းခြံတွင်းသို့ ပျံ့ဆင်းရောက်ရှိလာတတ်လေသည်။ ဤနေ့သည် တနင်္ဂနွေနေ့ဖြစ်သဖြင့် ကလေးများအဖို့ ကျောင်းပိတ်ရက်ပင်တည်း။

ဆယ့်နှစ်နာရီထိုးခါနီးလောက်၌ အော်စတင်ကား အနက်ကလေး တစ်စင်းသည် ရန်ကုန်မှ ကြို့ကုန်းရွာကလေးဆီသို့ မောင်းနှင်လာခဲ့ပြီး ဆိုခဲ့သော စံရိပ်ငြိမ်တိုက်အိမ်ရှိရာ ခြံဝင်းထဲသို့ ချိုးကွေ့၍ ဝင်လာလေတော့သည်။

mgyoe.com

mgyoe.com


ဒရိုင်ဘာ သာလှသည် ကားတံခါးကိုဖွင့်ပြီး ပြန်အပိတ်လိုက်မှာ တိုက်အပေါ်ထပ် လှေကားဆီမှ ပြေးဆင်းလာသော ခြေသံများကို တဆက်တည်း ကြားလိုက်ရလေသည်။

"ဟော . . . မာမီ ပြန်လာပြီ၊ လာ မောင်လေး"

ဆယ့်သုံးနှစ်အရွယ် ဂါဝန်အပြာကလေးနှင့် ကလေးမကလေးနောက်မှ ဆယ့်တစ်နှစ်အရွယ် မောင်ကလေးဆိုသူ ကလေးနှစ်ယောက်သည် အပြေးကလေး ဆင်းလာခဲ့ကြလေသည်။

မာမီအခေါ်ခံရသူ သူဌေးကတော်မှာ အသက်လေးဆယ်လောက်ရှိပြီး လုံးကြီးပေါက်လှ ဝဝဖြိုးဖြိုးကြီးပင် ဖြစ်ပါသည်။

ကလေးနှစ်ယောက် ဆင်းလာလျှင်လာချင်း သူဌေးကတော်သည် ဆီး၍ ပြုံးလိုက်ကာ. . .

"မနက်က ဘုရားသွားကြသေးလား၊ မြင့်တို့ မောင်နှမ ဒီနေ့ ဆန်းဒေးနဲ့ အဖိတ်နေ့ ဆုံသားပဲ၊ မင်းတို့ ဖေဖေကော နေကောင်းရဲ့လား"

"ဖေဖေ နေကောင်းပါတယ် မာမီရဲ့၊ ဘုရားသွားဖို့ဟာ မြင့် အိပ်ရာထ နေမြင့်သွားလို့ မသွားဖြစ်ဖူး၊ မောင်လေးလည်း ဒါနဲ့ စာပဲ ကြည့်နေတယ်၊ မြင့်တော့ မနေ့က နယ်လီတို့ဆီက ကူးခဲ့တဲ့ သီချင်းတွေ ကျက်နေတယ်၊ ထမင်းတောင် မစားကြသေးဘူး"

"မေမေနှင့်မှ စားကြတာပေါ့ကွယ် . . . လာ အပေါ်တက်ကြစို့ . . . ဩော်. . . ဟဲ့ လာခဲ့လေ . . . ကလေးမ . . . လာလာ . . . လိုက်ခဲ့ လာပါ ကလေးမရဲ့၊ ဒါ. . . ကြီးကြီးတို့အိမ်ပါ . . . ဘာမျှမကြောက်ပါနဲ့"

သူဌေးကတော်မှာ လှေကားကို လှမ်းတက်ရာမှ သတိရပြီး ဆင်ဝင်အောက်ရှိ အုတ်တိုင်တွင် မှီပြီး ကျန်ရစ်ခဲ့သော ကလေးမကလေး တစ်ယောက်ကို လှည့်၍ ခေါ်လိုက်လေသည်။ ကလေးမကလေးမှာ အသက်အရွယ် ကိုးနှစ်လောက်ရှိပုံရပါသည်။ အသားအရေမှာ မွဲခြောက်ခြောက်ရှိနေပြီး ဆံပင် ဖရိုဖရဲနှင့် ဝတ်ထားသော အဝတ်အဆင် ကလေးမှာလည်း အတော်ပင် မွဲနေရှာပေသည်။

ကလေးမကလေးသည် မရဲတရဲ အမူအရာကလေး ဖြစ်နေရှာလေသည်။

"မာမီ . . . သူ့ကို ဘယ်က ခေါ်လာခဲ့တာလဲ"

mgyoe.com

သမီးအကြီး ဂါဝန်အပြာကလေးနှင့် ကလေးမက ညှိုးငယ်သော တော သူမကလေးကို လှမ်းကြည့်ပြီး မေးလိုက်လေသည်။

"မေမေ . . . "ကမ်းနီ" မှာ စပါးသိမ်းပြီး တွေ့ခဲ့တာနဲ့ ခေါ်လာခဲ့တာပဲ၊ အိမ်မှာ ခိုင်းရစေရအောင်ပေါ့ကွယ်၊ လာဟဲ့ ကလေးမ. . . နာမည် ဘယ်သူတဲ့"

"တင်မေ. . . ပါ"

"အေး . . . အေး တင်မေ လာ . . . လိုက်ခဲ့ ညည်းကို မယ်သုံ လက်အပ်ပြီး သင်ပြခိုင်းရမယ် . . . "

သူဌေးကတော်နှင့်အတူ နောက်နားမှ ကပ်လျက် မရဲတရဲ လိုက်ပါသွားသော ကလေးမကလေးသည် မျက်နှာငယ်ကလေးဖြင့် ဧည့်ခန်းဝနားတွင် ရပ်နေရှာလေသည်။

"မယ်သုံရေ . . . လာစမ်း . . . ဟောဒီ ကလေးမကို ကြည့်ပြီး သင်ပြပေးလိုက်စမ်းအေ. . . အရင်ထွက်သွားတဲ့ သိန်းခင် အလုပ်မျိုး တစ်ခုမကျန်သာ ပြပေးလိုက်၊ ကြားလား . . . ကဲ သူငယ်မ ဟောဟို မယ်သုံက ညည်းကို လုပ်စရာရှိတာတွေ ပြပေးလိမ့်မယ်၊ ပိပိရိရိလုပ်နော် . . . ဘာမျှ ပြန်မကြည့်ရစေနဲ့၊ ကြားလား"

မီးဖိုဆောင် တံခါးဝတွင် မခို့တရို့ကလေး ရပ်နေသော ကလေးမကလေး တင်မေသည် သူဌေးကတော် အမိန့်ပေးနေသည်ကို မရဲတရဲကလေး ကြည့်နေမိလေတော့သည်။

"ဟုတ်ကဲ့ . . . ကြီးကြီး လုပ်ပါ့မယ်"

အစေခံမကလေး တင်မေသည် သူဌေးကတော်ကြီး အိမ်တွင် လုပ်စရာအိမ့်ဗာဟီရ ကိစ္စများကို တစ်ခုမကျန် မနားမနေ လုပ်ကိုင်ရှာလေသည်။ ထမင်းချက် မယ်သုံတို့ လင်မယားက အရင်ထွက်သွားသော အစေခံမကလေး သိန်းခင် အလုပ်တွေကို အစီအစဉ်နှင့် သင်ပြပေးကြသဖြင့် တင်မေမှာ တဖြည်းဖြည်း နားလည်လာကာ အတော်ကလေး ကျင့်သားရ၍လာလေသည်။

တင်မေ၏ အလုပ်များထဲတွင် အထူးသဖြင့် သူဌေးကတော်ကြီး၏ သမီးနှင့် သားဖြစ်သော ကျောင်းသား မောင်နှမတို့၏ တာဝန်များမှာ ပို၍ များပြားပေသည်။

သမီးကြီး ခင်စိန်းမြင့်မှာ ကွန်ဗင့်ကျောင်းတွင်နေပြီး သားအငယ် "ဘလှမြင့်" မှာ မြို့မကျောင်းတွင် နေလေသည်။ သူတို့ မောင်နှမမှာ ကျောင်းအိပ်

mgyoe.com

mgyoe.com


ကျောင်းစားမနေကြဘဲ အိမ်မှ ကားဖြင့် နံနက်တိုင်း၊ ညနေတိုင်း သွား၍ ပို့ဆောင်ခေါ်ယူရလေသည်။

ကျောင်းသားများ၏ ကျောင်းတက်ချိန်၌ တင်မေသည် အစစအရာရာ ဝိုင်းဝန်းကူညီ ပြုလုပ်ပေးရလေသည်။

ခင်စိန်းမြင့်မှာ သူ့မိခင်ကဲ့သို့ ဖြူဖြူတုတ်တုတ်ကလေးဖြစ်ပြီး သွေးသားသစ်ပြောင်းကာနီးအရွယ် အသားအရေမှာ အထူးစိုပြည်ဝင်းဝါကာ ချစ်စရာရုပ်ကလေး ဖြစ်ပေသည်။

သွားရာလာရာ၌ ဖျတ်လတ်ရွှင်ပျပြီး သူ့အမူအရာကလေးမှာ တစ်ခါတစ်ရံ လိပ်ပြာမကလေး ဝဲပျံသည့်နှယ် ခပ်ပျာပျာကလေး နောက်တတ်ပေသည်။ ဂါဝန်တိုကလေးနှင့်သာ နေရသူဖြစ်သဖြင့် သွားရာလာရာ၌ သွက်လက်ပြီး ယောက်ျားကလေးများပမာ ခြေလှမ်းကျဲကလေးနှင့် တစ်ခါတစ်ရံမှာ ပန်းကလေးတို့၏ သိမ်မွေ့မှုမျိုးပင် မတွေ့ရပေ။ သူသည် ကွန်ဗင့်ကျောင်းသူကလေးဖြစ်သဖြင့် အစစအရာရာ ခေတ်ဆန်ခြင်းဖြင့်သာ သွားလာနေထိုင်တတ်ပေသည်။ မောင်ကလေး ဘလှမြင့်နှင့် အစ်မကြီး ခင်စိန်းမြင့်မှာမူ မတူကွဲပြားသော စိတ်နေသဘောထားရှိကြသူများ ဖြစ်ကြလေသည်။

အိမ်တွင် စာပြဆရာမ တစ်ယောက်နှင့် စာသင်နေရာမှ ကျောင်းသို့ ပို့ခါနီးအခါ၌ ခင်စိန်းမြင့်မှာ သူ့မိခင်အား ဂါဝန်ဝတ်သော သာသနာပြုကျောင်းများ၌ နေထိုင်လိုကြောင်းသာ ပူဆာလေ့ရှိပေသည်။

မောင်ကလေး ဘလှမြင့်မှာမူကား ငယ်စဉ်ကပင် မြန်မာစာကို လေးစားသင်ယူခဲ့သဖြင့် ကျောင်းနေသောအခါ ဘောင်းဘီဝတ်ရမည့် ကျောင်းများမှာ နေလိုစိတ် မရှိလှပေ။

ဤကဲ့သို့နှင့်ပင် သားသမီးတို့အား အလိုလိုက်သော မိဘနှစ်ဦးမှာ သမီးခင်စိန်းမြင့်အား ကွန်ဗင့်တွင် အပ်နှံပြီး သားငယ် ဘလှမြင့်အား မြို့မ ယောက်ျားကလေး ကျောင်းတွင် အပ်နှံခဲ့ကြရပေသည်။ ခင်စိန်းမြင့်မှာ ကွန်ဗင့်သို့ ရောက်ကာမှ ပို၍ ဖျတ်လတ် မြန်ဆန်လာပေသည်။ မိန်းကလေးနှင့် မတူသော သွားဟန်လာဟန်များ၊ ပြောဆိုနေထိုင်ပုံများ သူ့မှာ ပို၍လာလေသည်။

အိမ်မှာပင်နေသော်လည်း သူနေပုံမှာ တစ်ကိုယ်ရေ တစ်ကာယသမားနေသူများကဲ့သို့ တာဝန်မဲ့သာလျှင် နေလေ့ရှိပေသည်။

mgyoe.com

mgyoe.com


သူသည် ရုပ်ကလေး ချောမွေ့သလောက်၊ အလှအပလည်း ခုံမင်နှစ်သက်လေ့ ရှိသည်။ အလှအပ ခုံမင်မက်မောသည်ဆိုရာ၌ အလှအပ နှစ်သက်လေ့ ရှိသည်ဟု မဆိုလိုပေ။ တရားလွန်နှစ်သက်ခြင်းမျိုးကိုသာ ဆိုလိုပါသည်။

သူ့မှာ တစ်ဦးတည်း သမီးပျိုပေါက်စကလေးဖြစ်သဖြင့် မိခင်လုပ်သူက အစစ အလိုလိုက် အရေးပေးသလောက်၊ လွတ်လပ်ရေးကို စိတ်ရှိလက်ရှိ ရထားနေနိုင်သူ တစ်ယောက်သာ ဖြစ်ပေသည်။

ကျောင်းရှိ အသင်းအဖွဲ့က အလှူငွေ ကောက်ခံလာလျှင် ခင်စိန်းမြင့်မှာ သူတကာ ကျောင်းသူများထက်ပင် ပို၍ ထည့်တတ်ပေသည်။ နှစ်သစ်ကူး၊ ခရစ္စမတ်ပျော်ပွဲများ၌ ခင်စိန်းမြင့်မှာ ချစ်ခင်သူ မိတ်ဆွေသူငယ်ချင်းများအား တခမ်းတနား ပြုလုပ်ကာ အမှတ်တရလက်ဆောင်ပေးလေ့ ရှိပေသည်။

သူ့မှာ ခင်မင်သူ မိတ်ဆွေသူငယ်ချင်းများစွာအနက် ယောကျ်ားလေး သူငယ်ချင်းများများစွာပင် ပါရှိပေသည်။

သူသည် မိတ်ဆွေဖြစ် ပေါင်းသင်းဆက်ဆံရာ၌ ငယ်စဉ်ကစပြီး ယောကျ်ား၊ မိန်းမ မခွဲခြားခဲ့ပေ။ တစ်ခါတစ်ရံ မိန်းကလေး မိတ်ဆွေများကို ယောကျ်ားကလေး မိတ်ဆွေများလောက်ပင် အမှတ်ပြုမည့်ပုံမရပေ။ သူ့စိတ်အလိုမှာ မိန်းကလေးများနှင့် စကားပြောဆိုနေထိုင်ရာ၌ တစ်ခါတစ်ရံ ပေါ့ရွှတ်ရွှတ်နိုင်လှပေသည်ဟု မှတ်ထင်လေ့ ရှိတတ်ပေသည်။

သူသည် ချစ်ခင်သူ သူငယ်ချင်း မိတ်ဆွေများကို ပေါင်းသင်းဆက်ဆံရာ၌ ဤသို့လျှင် ယောကျ်ားကလေးများကို မိန်းကလေးများထက် ပိုမို၍ အရောဝင် အရေးပေးကာ ပေါင်းသင်းဆက်ဆံလေ့သာရှိပေ၏။

ကျောင်းသား ဘလှမြင့်ကလေးမှာမူ အစ်မကြီးကဲ့သို့ မဟုတ်မူဘဲ တစ်ခါတစ်ရံ မိန်းကလေးပင် ဆန်တော့မယောင် မှတ်ထင်ကြရပေသည်။ သူသည် အချိန်ရှိသမျှ စာအုပ်နှင့်မျက်နှာခွာသည်မရှိဘဲ ကျောင်းစာမှအပ ကောင်းနိုးရာရာ စာများကို ဤငယ်ရွယ်စဉ်အခါမှာပင် ရှာဖွေဖတ်ရှုလေ့ ရှိပေသည်။

သူ့အလိုမှာ စာဖတ်နေရလျှင် စိတ်ပျော်ရွှင်သည်၊ အခြား ပျော်ရွှင်မှုများမှာ စာဖတ်ခြင်းလောက် အကျိုးမရှိဟုသာ မှတ်ထင်ပြီး၊ အမြဲတစေ စာကိုသာ ဖတ်ရှုလေ့လာပြီး နေတတ်ပေသည်။

mgyoe.com

mgyoe.com


သူသည် ကျောင်းအားလပ်ချိန်၌ အိမ်ရှိ အစေခံများ၏ အလုပ်မှအပ မိဘများ၏ အလုပ်တာဝန်မှန်သမျှတွင် တတ်အားသမျှလည်း ကူညီလုပ်ကိုင်ပေးလေ့ ရှိပါ၏။

ဘလှမြင့်မှာ ကိုယ်ကျင့်တရား သိပ်သည်းပိပြားသလောက် ရတနာမြတ်သုံးပါးအားလည်း အထူးယုံကြည်လေးစားလေ့ ရှိပါသည်။

ညစဉ်ညတိုင်း စာကျက်၍ပြီးချိန်များ၌ အစ်မကြီး ခင်စိန်းမြင့်က အင်္ဂလိပ်သီချင်းကလေး တအေးအေးနှင့် အိပ်ရာဝင်လေ့ ရှိသော်လည်း မောင်ကလေး ဘလှမြင့်မှာ ဘုရားအာရုံပြုပြီးမှသာလျှင် အိပ်စက်လေ့ ရှိတတ်ပေသည်။

တင်မေသည် ကျောင်းသား မောင်နှမ နှစ်ယောက် စာကျက်သည့် စားပွဲနားတွင် ထိုင်ကာ ခိုင်းလိုသမျှ ခိုင်းစေရအောင် အမြဲ စောင့်နေရလေသည်။

ကျောင်းသား မောင်နှမမှာ အတန်းအနည်းငယ် မြင့်လာကြပြီ ဖြစ်သဖြင့် ည (၁၀)နာရီလောက်မှာမှ စာကျက်၍ ပြီးစီးကြလေသည်။ တင်မေသည် သူတို့မောင်နှမ စာမကျက်ခင်အချိန်၌ စာကျက်ပြီး အဆင်သင့် အိပ်ကြရန် အိပ်ရာများကို ပုတ်ခါ ရှင်းလင်းပြီး ပြင်ဆင်ထားနှင့်ရသည်။

ညသောက်ရန် ရေချိုင့်များ ဖန်ခွက်နှင့် အသင့်ပြင်ထားရသည်။ ညအချိန်မတော် အပေါ့အလေး စွန့်ရန် ကတို့အိုးများကိုလည်း အသင့်ချထားရသည်။

နံနက် မျက်နှာသစ်ရန် စင်ပေါ်တွင် ဆပ်ပြာနှင့် မျက်နှာသုတ်ပဝါ အဆင်သင့် ညဦးကပင် ပြုလုပ်ပြီးစီးထားနှင့်လေသည်။

တစ်ခါတစ်ရံ စာကျက်၍ပြီးချိန်များ၌ အစ်မကြီး ခင်စိန်းမြင့်က ညောင်းညာသည်ဆို၍ တင်မေသည် ခြေလက်ဆေးကြောပြီး နင်းနှိပ်ပေးရတတ်ပေသေးသည်။

ညစာကျက်ပြီး အိပ်ရာဝင်ချိန်၌ အစေခံ မသိန်းခင်ရှိစဉ်က ဤကဲ့သို့ အဆင်သင့် ပြည့်ပြည့်စုံစုံ ရှိခဲလှပေသည်။ အစစအရာရာမှာ ပြည့်စုံသည် မရှိသဖြင့် အခန့်စားနေလေ့ရှိသော အစ်မကြီး ခင်စိန်းမြင့်၏ ဆူပူခိုင်းစေသံများကို မောင်ကလေး ဘလှမြင့်မှာ အမြဲလိုလို ကြားနာခဲ့ရဖူးလေသည်။

သည့်နောက် အစေခံမ မသိန်းခင် ထွက်သွားပြီးနောက် သူတို့ မောင်နှမအား လုပ်ကိုင်ပေးမည့်သူမရှိသဖြင့် ဘလှမြင့်မှာ စာကျက်ပြီး အလုံးစုံ ကိုယ့်ဟာကိုယ်သာလျှင် လုပ်ကိုင်နေထိုင်ခဲ့ရပေသည်။

mgyoe.com

mgyoe.com


ယခု တင်မေရောက်လာကာမှပင် ကိုယ့်ဟာကိုယ်လည်း မလုပ်ရ၊ အစ်မကြီး၏ ဆူပူကြိမ်းမောင်းသံများလည်း မကြားရတော့ဘဲ အမြဲလိုလို စိတ်ငြိမ်းချမ်းကိုယ်ငြိမ်းချမ်းဖြစ်ကာ နားအေးသက်သာ စာကျက်နိုင်ရှာလေတော့သည်။

ဘလှမြင့်သည် တင်မေကို အစေခံပင် ဖြစ်သော်လည်း စိတ်ထဲက ကျေးဇူးတင်မိလေသည်။

အရင်နေသွားကြဖူးသော အစေခံများမှာ ဘယ်မျှပင် အလုပ်လုပ်ကြသော်လည်း ကျနသေသပ်လှသည် မရှိဖူးပေ။

ထို့ကြောင့်ပင် နေရာရှာ ကြေးများလေ့ရှိသော စိတ်ကြီးဝင် အစ်မဖြစ်သူ၏ ဆူပူမာန်မဲသံများကို ကြားခဲ့ရခြင်းသာ ဖြစ်ပေသည်။

ဘလှမြင့်သည် ရိုးရိုးသားသားနှင့် အစေခံမကလေးပီပီ ကျိုးနွံရှိသေသော တင်မေအား သနားမိလေသည်။

ညစဉ်ညတိုင်း သူတို့မောင်နှမ စာကျက်ချိန်များ၌ တင်မေသည် ဘလှမြင့်တို့ ဖတ်ပြီးခဲ့သော စာအုပ်ကလေးများကို သိမ်းရင်း အရုပ်ကလေးများကို လှန်လှောကြည့်ရှုတတ်ပေသည်။ ကြည့်ပင် ကြည့်ရသော်လည်း တင်မေသည် ဘာမျှနားမလည်ပေ။ တင်မေသည် ကျေးတောရွာ "ကမ်းနီ" ဇာတိ တောသူမကလေးသာ ဖြစ်လေသဖြင့် စာတတ်ဖို့မှာ ဘုန်းကြီးနှင့်ဘီး ကွာဝေးသလို တင်မေနှင့် စာသင်မှုသည် ဝေးကွာခဲ့ရသောကြောင့်ပင် ဖြစ်ပေသည်။

အစ်မကြီးလုပ်သူ ခင်စိန်းမြင့်မှာမူကား အစေခံမကလေး တင်မေရောက်လာ၍ သူ့မှာ ဘာမျှအကြောင်းမထူးလှပါ။ သူ့အလုပ်မှာ ညနေကျောင်းပြန်လျှင် ပန်းခြံထဲ၌ ဂါဝန်လှလှကလေးလဲကာ တစ်ယောက်တည်း ကြိုးခုန်ပြီးလျှင် ရေချိုး၊ ရေချိုးရင်း သီချင်းဆိုပြီးလျှင် ထမင်းစားပြီးလျှင် စာကျက်၊ သည့်နောက် အင်္ဂလိပ်သီချင်းကလေး တညည်းညည်းနှင့် အိပ်ရာဝင်လေ့ ရှိပေသည်။

ခင်စိန်းမြင့်အဖို့မှာ သူလုပ်ချင်ရာကိုသာ လုပ်နေရလျှင် လောကကြီးကို မေ့၍ပင် နေတတ်ပေသည်။

သူသည်၊ မိန်းကလေးပီသသူတို့၏ စိတ်နေသဘောထား၊ အမူအရာမျိုးသက်သက် မဟုတ်လှဘဲ ဖြစ်သလို၊ ကျသလို ပျော်ပျော်ရွှင်ရွှင်သာနေတတ်ပြီး ကြောင့်ကြပူပန်မှုများကင်းလျက် မိန်းကလေးလည်း မပီသ၊ ယောကျ်ားဟန် အမူ

mgyoe.com

mgyoe.com

အရာမျိုးလည်း မကင်းလှသည့် စကသူငယ်မကလေး တစ်ယောက်သာ ဖြစ်နေပေသည်။

မိခင်ဖြစ်သူ သူဌေးကတော်ကြီးမှာမူကား သူ့ဝါသနာနှင့်သူ ဖြစ်လာကြသော သားနှင့် သမီးအား ကြည့်ကာ အစစအရာရာ အလိုလိုက်၍ အရေးပေးလျက် အရိပ်တကြည့်ကြည့်သာလျှင် ရှိနေပေသည်။ အိမ်တွင် အစေခံမကလေး တင်မေ ရောက်သောအခါ၌မူကား သူဌေးကတော်ကြီးသည် သားနှင့်သမီးအား ပြုစုလုပ်ကိုင်ပေးမည့်သူ အစေခံကောင်း တစ်ယောက်အဖြစ် တင်မေအား ယုံကြည်သက်ဝင်လျက်၊ သူ့အားလည်း သူနှင့် ထိုက်တန်သလောက် အခွင့်အရေးကလေးများပင် ပေးထားခဲ့လေသည်။ တင်မေသည် သူဌေးကတော်ကြီး အိမ်တွင် နေထိုင်ရသောအခါ ပျော်ရွှင်ပုံရလာလေသည်။ ရောက်စအခါကလို ယောင်ချာချာ၊ ကြောင်တက်တက်ကလေး မဟုတ်တော့ဘဲ အစစအရာရာ မှတ်သားနာယူရလေသဖြင့် သူ့မှာ အကြားအမြင်များ တိုးပွားပြီး လိမ္မာရေးခြား ရှိလာရပေသည်။ ပြူးကျယ်သော မျက်လုံးဝိုင်းကလေးနှင့် နှုတ်ခမ်းနီပါးကလေးတို့မှာ တင်မေ၏ ရုပ်ရည်ကလေးတွင် ထင်ရှားပေါ်လွင်သော ကျက်သရေရှိခြင်း တစ်ရပ်ပင် ဖြစ်လာရလေတော့သည်။

မြို့အရပ်တွင် ကြီးပြင်းကြရသော မိန်းကလေးများကဲ့သို့ မဟုတ်မူဘဲ သူ့မှာ ဆံရစ်ဝိုင်းကလေးနှင့်ပင် ဖြစ်သော်လည်း တင်မေသည် တစ်ခါတစ်ရံ အစေခံမကလေးနှင့် မတူလှဘဲ သားနားသပ်ရပ်ပြီး စင်ကြယ်သော ရုပ်ရည်ရူပကာကလေးနှင့် ဤအိမ်သားများ၏ သွေးသားများလားဟုပင် မှတ်ထင်မှားမိကြရလေသည်။

တင်မေ၌ ထူးခြားချက် တစ်ရပ်မှာ ဖြောင့်မှန်ရိုးသားမှုကလေးပင် ဖြစ်ပါသည်။ ဟုတ်သည်၊ မှန်သည်တို့ကို ဖြောင့်မှန်စွာ ပြောကြားလုပ်ကိုင်လေ့သာ ရှိတတ်ပေသည်။

သူဌေးကတော်ကြီးတို့နှင့် နေထိုင်ရရာ၌ သူ့ဇာတိ တောရပ်မြေကို တစ်ခါတစ်ရံမှသာ သတိရမိလေတော့သည်။

သူသည် တောအရပ်မှာ မွေးဖွားပြီး ကြီးပြင်းခဲ့ရလေသဖြင့် ဆင်းရဲမှုများစွာတို့ကို လူမမည် ငယ်ရွယ်စဉ်အခါကပင် တွေ့ကြုံခံစားလာခဲ့ရပြီး မှတ်မိလောက်

mgyoe.com

 gyoe.com 

သည့် အရွယ်၌မူကား တင်မေမှာ ဆင်းရဲခဲ့ပုံမျိုးစုံတို့ကို မေ့၍ မရနိုင်လောက်အောင် ဤမြို့အရပ်ရှိ သူဌေးကတော်ကြီး၏ စံရိပ်ငြိမ်အိမ်ကြီးတွင် ပျော်မွေ့ချမ်းမြေ့လျက်သာ ရှိလေတော့သည်။

သူ့အဖို့မှာ ဤစံရိပ်ငြိမ်အိမ်ကြီးတွင် ရောက်လာသည့်နေ့မှစ၍ ဘာမဆိုအမြင်လှပြီး သူ့ဘဝတွင် တစ်ခါဖူးမျှ မတွေ့ကြုံရဖူးသည့် ချမ်းသာသုခမျိုးဟုသာ မှတ်ထင်ပြီး ကျေနပ်ချမ်းမြေ့၍နေလေသည်။

❐

mgyoe.com

mgyoe.com

# အခန်း (၃)

တင်မေသည် အခြားအချိန်များထက် ထမင်းစားချိန်၌ မီးဖိုဆောင်ထဲတွင် ထမင်းချက် မယ်သုံတို့ လင်မယားနှင့် မျက်နှာချင်းဆိုင်ကာ ထမင်းစားရင်း စကားစမြည် ပြောဆိုရယ်မောနေရသည့်အခါ၌ အထူး ပို၍ ပျော်ရွှင်မိလေသည်။

မယ်သုံသည် တင်မေအား သူဌေးကတော်ကြီးက မည်မျှသဘောကျကြောင်း၊ အရင်ထွက်သွားသောသူများထက် အလုပ်အကိုင် ကောင်းကြောင်း စသည်တို့ကို ပြောပြသောအခါ တင်မေသည် ဝမ်းသာ၍မဆုံး တပြုံးပြုံးသာလျှင် ဖြစ်နေသည်။

တစ်ခါတစ်ရံ မယ်သုံက ပျော်ရွှင်ကျေနပ်နေပုံရသော တင်မေအား နောက်ပြောင် ကျီစားတတ်လေသေးသည်။

"တင်မေ၊ ညည်းဒီလို မိတကွဲ ဖတကွဲလာပြီးတော့ သူများဆီမှာ အခိုင်းအစေခံနေရတာ စိတ်မညစ်ဘူးလား၊ ငါသာဆိုရင်တော့ ညည်းတို့အရွယ်လောက်သာဆိုရင် မိဘတွေကို ခွဲနိုင်မှာ မဟုတ်ဘူး၊ ညည်းကတော့ မိဘတွေနဲ့ခွဲပြီး သူများရပ်ရွာမှာ နှစ်ရှည်လရှည်လာနေတာ သိပ်အံ့သြတာပဲအေ"

"တင်မေတော့ စိတ်မညစ်ပါဘူး မသုံရယ်၊ တင်မေ ဒီမှာနေရတာ ဘာမှ ပူစရာမရှိဘူး၊ တင်မေ့မှာ အောက်မေ့စရာလည်း အမေ ရှိတော့တာမှ မဟုတ်ဘဲ၊ အဖေ ဆိုတာကတော့ နောက်မိန်းမနဲ့နေတဲ့ဟာပဲ တင်မေ ဘာများ ပျော်စရာရှိလို့လဲ"

mgyoe.com

 mgyoe.com 

"ဩော် . . . ညည်းအဖေက နောက်အိမ်ထောင်ပြုတာကိုး၊ ဒီတော့ ညည်း မိထွေးနဲ့ နေရမှာပေါ့၊ ဩော် . . . ဩော် . . . ဒီလိုဆိုတော့လည်း ဘယ်လွမ်းမလဲ လေ. . . ဒါပေမဲ့အေ . . . တစ်ခါတလေများ ကိုယ့်ရပ်ကိုယ့်ရွာကို နည်းနည်းမှ မအောက်မေ့ဘူးလား"

"တင်မေတို့ရွာကလည်း အောက်မေ့စရာ မကောင်းပါဘူး မသုံရယ်၊ တင်မေတို့ရွာက သိပ်ဆင်းရဲပါတယ်"

"ဘယ်လောက်များ ဆင်းရဲလို့လဲအေ . . . တို့တော တို့ရွာလဲ ဆင်းရဲတာ ပါပဲ၊ ဆင်းရဲပေမဲ့ တစ်ခါတလေများတော့ သိပ်လွမ်းတာပဲ၊ ဒါကြောင့် တစ်ခါတစ်ခါ တို့က ခွင့်ယူပြီး ခဏဖြစ်ဖြစ် ပြန်ရတာပေါ့"

"တင်မေတော့ မလွမ်းပါဘူး၊ လွမ်းလောက်အောင်လည်း မသုံတို့ရွာလို ဟုတ်မှ မဟုတ်ဘဲ၊ တင်မေတို့ ရွာကလေးဟာ မသုံသာနေခဲ့ရရင်လည်း လွမ်းမှာ မဟုတ်ပါဘူး။ တခြား ဘယ်ရွာပဲဖြစ်ဖြစ် တင်မေတို့ရွာထက်တော့ သာလိမ့်မယ် ထင်တာပဲ"

တင်မေသည် သူ မွေးခဲ့သော ဇာတိတောရွာငယ်ကလေးကို အလွန် စက်ဆုပ်ပုံရလေသည်။

သူ့ဇာတိတောရွာအကြောင်းကို တင်မေသည် မဲ့ကာရွဲ့ကာနှင့် အားရပါးရ ကလေး ပြောပြနေပေသည်။

"ဒါလောက်တောင်ပဲလား တင်မေရယ်၊ ဘယ်လောက်များ ဆင်းရဲတာမို့လဲ ငတ်နေကြလို့လား"

"ငတ်နေကြတယ်ပဲ ဆိုပါတော့လေ . . . မသုံတို့သာ သိရင် တင်မေ ပြောပြတာ နည်းတယ်တောင် ထင်ဦးမယ်"

"ဒါဖြင့် ညည်းလည်း အဲဒီငတ်ကြတဲ့အထဲမှာ ပါတာပေါ့လေ ဟုတ်လား၊ အမယ်လေး . . . ဒီလိုတော့လည်း ဟုတ်မှာပေါ့လေ မယ်သုံသည် ထမင်းလုတ် လွေးနေရင်းက ပခုံးကလေး အနည်းငယ် တွန့်လိုက်လေသည်။

တင်မေလည်း ငတ်ဖူးတာပေါ့၊ တင်မေ ဒီအိမ်က ကြီးကြီးနဲ့ လိုက်လာတာ ဘာကြောင့်လဲ သိလား မသုံ၊ တင်မေ တစ်ခါတစ်ခါ ထမင်း မဝတဝ စားစားနေရ လို့ တစ်ခါတစ်ခါတော့လည်း အရှင်းမစားရဘူး အဲဒါ မသုံ ယုံရဲ့လား"

mgyoe.com

mgyoe.com


တင်မေသည် ဤကဲ့သို့ ပြောပြရင်း မျက်ရည်ကလေး ဝဲသလိုလို ဖြစ်လာလေတော့သည်။

"ငါတော့ မတွေးတတ်ပါဘူးအေ၊ ညည်းတို့ကတော့ ကိုယ်တွေ့ကိုး၊ ညည်းတို့ ငတ်ကြတယ် ဆိုတာက အလုပ်မလုပ်ကြလို့လား၊ အလုပ်လုပ်ရင် ဘယ်ငတ်မလဲအေ့၊ ထမင်းလောက်တော့ ဝအောင် စားနိုင်ကြရမှာပေါ့"

တင်မေသည် မယ်သုံပြောသည်ကို စိုက်၍ နားထောင်နေရာမှ "အလုပ်မလုပ်ဘဲနေပါ့မလား မသုံရယ်၊ ဝမ်းရေးပဲဟာ၊ လုပ်ကြရတာပေါ့။ ဒါပေမဲ့ အလုပ်လုပ်သလောက် မရလို့သာ ငတ်ကြရတာပေါ့"

"ဘာတွေလုပ်လို့ ဝအောင် မရတာများလဲအေ၊ ငါတော့ တွေးပဲ မတွေးတတ်ပေါင်"

"ဩော် . . . မသုံရယ်၊ တင်မေ ပြောတောင် မပြချင်ပါဘူး၊ တင်မေတို့က ကံဆိုးကြတာတွေ၊ တင်မေလေ . . . တစ်ခါတုန်းက ထမင်းလေးနပ်တိတိပဲ ဆက်ပြီး ငတ်ခဲ့ရဖူးတယ်"

တင်မေသည် ငယ်စဉ်က ဖြစ်ထွေကို သတိရလာသဖြင့် မျက်နှာကလေး အနည်းငယ်ညှိုး၍ သွားလေသည်။

"ဩော် . . . ဩော် . . . ထမင်းလေးနပ်တောင် ငတ်ခဲ့ရတယ်၊ အမယ်လေး တင်မေရယ် ညည်း ဒါတောင် မသေဘူးနော်"

မယ်သုံက အံ့ဩကြီးစွာဖြင့် တင်မေအား စေ့စေ့ကြည့်၍ ပြောလိုက်လေသည်။

"မသေလို့သာ ဒီကိုရောက်လာတာပေါ့၊ တင်မေ ထမင်းငတ်လို့တော့ မသေခဲ့ပါဘူး၊ ဒီတစ်သက်မှာ တင်မေ ထမင်း နောက်တစ်ခါ ငတ်ရမှာလည်း သိပ်ကြောက်နေတာပဲ မသုံရယ်၊ တစ်ခါတလေများ ထမင်းဆာလိုက်တာလေ . . . ဘယ်လိုကြီးမှန်းလဲ မပြောတတ်ပါဘူး၊ တစ်ခါတည်း အားမရှိတော့ပါဘူး။ အဲဒီ တင်မေတို့ ရွာကလေးကို မြစ်ရေတွေ လျှံတုန်းကပေါ့၊ တင်မေဖြင့် ရေထဲမျောပြီး သေမှာလည်း ကြောက်ရရဲ့၊ ဒါပေမဲ့ တင်မေတို့ ဒီလိုပဲ ဇွတ်ပေတေပြီး နေခဲ့ကြရတယ်"

"ဩော် . . . ညည်းတို့ရွာက ငတ်ရုံသာမကဘဲ ရေလည်း ကြီးလိုက်သေး

mgyoe.com

တယ်၊ ရေတစ်ခါကြီးရင် ဘယ်လောက်များကြီးလို့ မျောသွားမှာ ပူနေရတာလဲ၊ ဒီလိုဆိုတော့လည်း ကြောက်စရာချည်းပါပဲကလား"

"ရေတစ်ခါတစ်ခါ ကြီးပြီဆိုရင် သုံးရက်လောက်တော့ ကြာတတ်တယ်၊ ဒါကြောင့် ငတ်တာပေါ့၊ တချို့ရှိတဲ့သူများတော့လည်း နေ့ဆက်ရက်ဆက် မငတ်ကြပါဘူး။ တင်မေတို့လို ဆင်းရဲတဲ့သူတွေသာ ငတ်ကြရတာ "မငတ်ဘဲနေမလား မသုံရဲ့၊ မနက်စာ မနက်၊ ညစာ ည၊ ပူပန်ပြီး ရှာဖွေနေကြရတာပဲ။ ဒီအပေါ် နေရထိုင်ရတာကလည်း သိပ်ဆင်းရဲတာ"

"အိမ်ကလေးတွေ မဟုတ်လား၊ ရွာဆိုတာ အိမ်ကလေးတွေပဲနေမှာပေါ့အေ"

"အိမ်ကလေးတွေပေမဲ့ သိပ်စုတ်ချာတာပဲ မသုံရဲ့၊ အိမ်ကလေးတွေက မြစ်ဘေးမှာစီပြီး ဆောက်ထားတာ၊ ဒါပေမဲ့ မြစ်နဲ့တော့ တစ်ခေါ် လောက် ဝေးတာပေါ့၊ အိမ်ခြေတိုင်ရှည်အိမ်ကလေးတွေပဲ၊ အဲ . . . မြစ်ရေများ လျှံလာပြီဆိုမှဖြင့် အိမ်ပေါ်မှာ နေမရကြတော့ ခေါင်နားမှာ ကပ်ပြီး အိပ်စင်ကလေး ချည်ပြီး တက် နေကြရတယ်။ ရွာကြီးဆီကိုများ ကြည့်လိုက်မှဖြင့်လေ . . . ရေတွေဟာ ဖွေးလို့၊ အဖေဟာ အဲဒီတုန်းက မမာနေတုန်းပေါ့ . . ."

တင်မေသည် ထမင်းပန်းကန်ပြားများကို ဆေးကြောရင်း မျက်ရည် ကလေး စို့၍လာလေသည်။

မယ်သုံသည် စိတ်ပါလက်ပါ ပြောပြနေသော တင်မေအား ကြည့်ကာ စိတ်ထဲက သနား၍လာလေသည်။

"ဒါနဲ့ဆက်ပြီး ပြောပါဦးအေ့၊ အဲဒီနောက် ညည်းတို့ ဘာဖြစ်ကြသလဲ၊ ညည်းအဖေကော သေတာပဲလား"

"ဟင့်အင် . . . မသေသေးပါဘူး၊ တင်မေ မောင်ကလေး တစ်ယောက် တော့ သေသွားရှာတယ်၊ မောင်လေးဟာ မြွေကိုက်ခံရလို့ သေတာ မသုံရဲ့၊ ရေတွေ လျှံလာပြီဆိုမှဖြင့် မြွေတွေကလည်း အခါတိုင်းထက်ပဲ ပေါပါသေးတယ်။ မောင်လေးဟာလေ . . . ထမင်းဆာဆာနဲ့ ထမင်းအိုးဆီ ထပြီးအရှာမှာ အိုးထဲက မြွေက ထွက်ပြီး ပေါက်တာ၊ တစ်နေ့ချင်းပဲ သေသွားတယ်။ တင်မေတို့အဖြစ်တွေ သိပ်ဆိုးတယ် မသုံရယ်၊ ဒါကြောင့် တင်မေ စပြီး မပြောချင်တာ၊ ပြောရရင်လည်း မဆုံးနိုင်တော့ပါဘူး"

mgyoe.com

mgyoe.com


"ဒီလိုဆိုတော့လည်း ဟုတ်တာပေါ့ါအေ၊ နို့ ဒါဖြင့် ညည်းတို့ ဘယ်တော့မှ ထမင်းစားကြရသလဲ၊ ဘယ်လူကလာပြီး ကျွေးသလဲ၊ အမယ်လေး တင်မေရယ် ငါဖြင့် မေးရတာတောင် ကြက်သီးထမိတယ်"

"ဘယ်လူက ဘာကျွေးမှာလဲ မသုံးရဲ့၊ တင်မေတို့ကို ဘယ်လူကမှ လာပြီး မကျွေးပါဘူး။ နှစ်ရက်သုံးရက်လောက်နေတော့ ရေကလည်း တဖြည်းဖြည်း ကျ သွားတယ်၊ ဒီတော့ တင်မေထွက်ပြီး ရှာရတာပေါ့"

"ဩော် . . . ညည်း ရေကူးတတ်သကိုး၊ ငါဖြင့် မသိပေါင်အေ"

"ရေကူးတတ်ပေမဲ့ အဲဒီတုန်းက တင်မေက ငယ်ငယ်ကလေး ရှိသေးတယ်၊ ဘယ်ကူးရဲပါ့မလဲ၊ မြစ်ရေတွေလျှံလာပြီဆိုရင် ရေတွေလည်း သိပ်စီးတာပါပဲ။ ရေစီး ကြောင်းကြီးဟာ ကြောက်စရာ သိပ်ကောင်းတာ၊ တင်မေတို့ အဲဒီရေစီးကြောင်းကြီး ကိုမှ မကျော်ဝံ့ဘဲ ကူးကြရင်လည်း တစ်ခါတည်း အမျောပဲပေါ့။ ဒါကြောင့် ရေ မကျမခြင်း ဘယ်မှ မထွက်ဝံ့ဘဲ အိပ်စင်ကလေးပေါ်မှာပဲ ခွေပြီး နေရတယ်၊ နောက်တဖြည်းဖြည်း ရေလည်း ကျသွားရော၊ ရေစီးလည်း အရင်လောက် မသန် တော့ဘူး၊ ဒီတော့မှ တင်မေ ကူးသွားပြီး ရွာကြီးတွေဆီမှာ ထမင်းတောင်းရတယ်။ အဲဒီတုန်းကမျှားလေ အဖေဟာ သိပ်သနားစရာကောင်းတာပဲ။ တင်မေ့ကို မှာလိုက် သေးတယ်၊ တောင်းလို့မရရအောင် ကြံပါဟယ်၊ နင်လည်း စကားပြောတတ်သားပဲ၊ လူတွေ သနားအောင် ပြောပြီး တောင်းခဲ့၊ အဖေတော့ အားမရှိလှဘူးတဲ့၊ ဒါနဲ့ တင်မေတော့ ရွာကြီးထဲက အရင်အလုပ်လုပ်ဖူးတဲ့ အိမ်တွေဆီ လည်ပြီး တောင်း တာပေါ့။ ထမင်းခဲတွေ အားကြီးရတာပဲ၊ အဲဒါတွေကို ဆန်ဆေးပလုံးကလေးနဲ့ ထည့်ပြီး အဖေဖို့ ယူလာခဲ့ရတယ်။ ပြီးတော့ တင်မေ မှတ်မိတာ ပြောပြရဦးမယ်။ ဆန်ကလည်း နှစ်ခွက်ရခဲ့သေးတယ်။ အဲတာလေ တင်မေ အဖေ့ကို ဆန်ပြုတ်ပြီး ကျွေးဖို့ တောင်းခဲ့တာ၊ ညကျတော့ အဖေ့မိန်းမက ဆာလှတယ် ဆိုပြီး ထမင်းချက် စားပစ်လိုက်တယ်၊ တင်မေ သိပ်စိတ်ဆိုးတာပဲ၊ ဒါပေမဲ့ အဖေ စိတ်ညစ်မှာစိုးလို့ ဘာမျှတော့ မပြောပါဘူး"

"မိထွေးမို့ ထင်ပါရဲ့အေ . . . ညည်းတော်တော် တော်သားပဲအေ၊ အဖေ ကို ရှာပြီး ကျွေးဖော်ရပေသားပဲ"

"တင်မေ ရှာမကျွေးရင် ငတ်ဖို့ပဲ ရှိတော့တာပေါ့၊ တင်မေ့ မိထွေးကတော့

mgyoe.com

 mgyoe.com 

ရှာလို့ရရင်လည်း စားလိုက်တာပဲ၊ မရရင်လည်း ဒီလိုပဲ ဟိုနားဒီနား လိုက်တောင်းပြီး စားနေတာပဲ၊ ဒီတော့ အဖေ့ကို တင်မေပဲ ရှာပြီး ကျွေးရတာပေါ့ မသုံးရယ်"

"ညည်းတို့အဖေမှာ ဆွေမျိုးတွေနဲ့ မနီးဘူးလားအေ၊ ဒီလောက် ဒုက္ခရောက်နေရတာ"

"ရှိသားပဲ၊ ဒီရွာကလေးမှာပဲ ရှိကြတာပေါ့၊ ဒါပေမဲ့ သူတို့လည်း ဆင်းရဲတာပဲ၊ တင်မေ့အမေ သေပြီးစက အမေ့ညီမက ခေါ်သားပဲ၊ ခေါ်ပေမဲ့ သူတို့လည်း တင်မေတို့လိုပဲ၊ ဆင်းရဲကြတယ်၊ ဘာထူးလို့လဲ၊ ဒီတော့ တင်မေတို့ ရှာနိုင်ရင် စားရမှာပဲ၊ ဘယ်သူနဲ့နေဖို့မှ မလိုပါဘူး"

"ညည်းတို့ နေ့တိုင်းနေ့တိုင်းတော့ ဘာတွေလုပ်ပြီး စားသောက်နေကြသလဲအေ၊ နောက်ပြီး ညည်းတို့ မရှိရအောင်ဟာ"

"တင်မေ ရွာကြီးတွေမှာ လည်ပြီး ဆန်ဖွပ်ပေးရင် ထမင်းပိုသမျှတော့ ရခဲ့တာပဲ၊ ကျွေးလည်း ကျွေးလိုက်သေးတယ်။ အဖေ့ဖို့လည်း ပေးလိုက်သေးတယ်၊ တစ်ခါတလေ အလုပ်ပိုပြီး လုပ်ပေးရင် အဝတ်ကလေးများလည်း ရခဲ့ပါရဲ့"

"ဆန်ဖွပ်တာက ပိုက်ဆံမပေးကြဘဲကိုး၊ ဘယ်ကောင်းပါ့မလဲ တင်မေရယ်၊ ပိုက်ဆံနဲ့ လုပ်မှပေါ့အေ့"

"သူတို့အိမ်ကြီးက လူတွေ ပြောကြတယ် ပိုက်ဆံပေးလည်း နင်တို့ ဝယ်ပြီး စားမှာပဲ ဘာထူးလို့လည်း၊ ချက်ပြီးသားရလည်း အတူတူပေါ့တဲ့၊ ဒါကြောင့် တင်မေလည်း မငြင်းပါဘူး၊ စားရရင် ပြီးတာပဲ မသုံးရယ်၊ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်တာပေါ့အေ၊ မိုးတွင်းဘက်ကြီးတော့ကော ဘာလုပ်ကြသေးလဲ၊ ဆန်လည်း မဖွပ်ကြတော့ဘူး၊ ညည်းတို့ ဘာနဲ့ စားသောက်နေကြသလဲ"

"မိုးတွင်းကျတော့ ကောက်စိုက်ကြရတာပေါ့၊ တင်မေတို့ "ကမ်းနီ" ဘက်မှာ ကောက်စိုက်ရင် ခက်ရင်းနဲ့ မစိုက်ကြဘူး၊ ပျိုးပင်ကို လက်နဲ့မြှုပ်ပြီး စိုက်ကြရတယ်။ အဲဒါ အရပ်ဓလေ့ပဲ၊ ပျိုးတစ်လက်ကို တစ်မူးရတယ်၊ တစ်နေ့ကို စိုက်နိုင်ရင် ပျိုးလေးလက်တော့ ရကြတာပဲ"

"ပျိုးတစ်လက်ဆိုတာ ဟောဒီလို လက်နဲ့တစ်ဖက် အပြည့်ကိုမှ တစ်လက်လို့ခေါ်တယ် မသုံးရဲ့"

တင်မေသည် လက်ကလေးနှစ်ဖက်ကို ဆန့်ထားရာမှ ကွေးဆက်ပြီး ပြောပြနေလေသည်။

mgyoe.com

mgyoe.com


"ဟင် . . . ဒါဖြင့် တို့ရွာဆီက ပျိုးတစ်ပေါ ဆိုတာဟာလည်း ဒီလိုပဲ၊ အဲဒီလို ပျိုးတစ်ပေါပြည့်အောင် စိုက်ပြီးမှသာ ပိုက်ဆံတစ်မူးရတယ်ဆိုရင် ညည်း အတွက် တစ်နေ့လုံး စိုက်ပါမှ ငါးမူးခြောက်မူးပဲ ရတာပေါ့၊ ဒါလောက်နဲ့ တစ်နေ့စာ စားလောက်ရဲ့လားအေ"

"စားလောက်တယ်တော့လည်း ဘယ်ဟုတ်ပါ့မလဲ မသုံးရယ်။ ဒီလိုပဲ မျှတ ပြီး စားကြရတာပေါ့။ တင်မေ ဒါကြောင့်လည်း ဒီအိမ်က ကြီးကြီးခေါ်ရာကို တစ်ခါတည်း လိုက်လာခဲ့တာပေါ့"

"ကောက်စိုက်ချိန်ပြီးတော့ကော ဘာတွေလုပ်ကြသေးသလဲ၊ ညည်းတို့ ဆင်းရဲပုံတွေကြားရတာ ငါဖြင့် စိတ်မကောင်းလိုက်တာ တင်မေရယ်"

မယ်သုံးသည် ဆေးပေါ့လိပ်ကလေးကို ဖွာရင်း ခပ်ညည်းညည်းကလေး ပြောဆိုလိုက်လေသည်။

"ကောက်စိုက်ချိန်ပြီးပြန်တော့ မိုးကလေး မကုန်တကုန်လောက်ဆီမှာ တောင်ခြေက ဝါးတွေကို အငှားလိုက်ပြီး ခုတ်ရပြန်ရော၊ အဲဒီတော့ ကောက်စိုက် တာထက်လည်း ပင်ပန်းသေးတယ်"

"ဝါးခုတ်ရတယ် ဟုတ်လား တင်မေ၊ ဝါးကို ညည်းတို့လို မိန်းကလေး ခုတ်နိုင်ပါ့မလားအေ၊ ဟုတ်မှ ဟုတ်ရဲ့လား တင်မေရယ်၊ ညည်း မှတ်မိသေးလို့လား"

"ဟုတ်ပါတယ် မသုံးရဲ့၊ တင်မေကိုယ်တိုင် ခုတ်ခဲ့ရဖူးပါတယ်။ ဝါးခုတ်တဲ့ အခါမျိုးလေ . . . ကျွတ်ကလေးတွေ သိပ်ပေါတာပါပဲ၊ လူသံကြားပြီဆိုမှဖြင့် ဝါးရွက်ကလေးတွေပေါ်က တလန်းလန်းနဲ့ ထွက်ထွက်လာကြတယ်"

"အမယ်လေး ငါဖြင့် ကြားရတာနဲ့ပဲ အသည်းယားလိုက်ပါဘိ တင်မေ ရယ်၊ ညည်းမကြောက်ဘူးလား"

"ဘယ်ကြောက်နေအားမလဲ မသုံးရဲ့၊ ကြောက်နေရင် ငတ်မှာပေါ့၊ ကျွတ် တွေဟာ ကြောက်စရာတော့ ကောင်းတာပဲ၊ နားရွက်ထဲမျိုးတောင် လိုက်ပြီး ဝင်ကြ တာပဲ၊ ကြာတော့ သူတို့ကို နားပြီး ဖြုတ်မနေအားပါဘူး၊ တစ်ခါတည်း နားရွက် နှစ်ဖက်မှာ အဝတ်နဲ့စည်းပြီး ထားတော့တာပေါ့။ တင်မေ အစတုန်းကတော့ သိပ်ကြောက်တာပေါ့၊ ဒါပေမဲ့ ဝမ်းရေးက ပိုပြီး အရေးကြီးတယ် မဟုတ်လား"

"ညည်းတို့လိုသာဖြင့် ငါတော့ ငတ်သေမှာ အမှန်ပါပဲအေ"

mgyoe.com

တင်မေသည် မယ်သုံအား ငေးကြည့်ပြီး ပြုံးနေလေသည်။

"ဟဲ့ . . . တင်မေ လာစမ်း"

"ဟုတ်ကဲ့ မမ လာပါပြီ"

တင်မေသည် လက်ထဲက ဆေးလိပ်တိုကလေးကို ချမထားခဲ့အားဘဲ ခင်စိန်းမြင့်ရှိရာသို့ ကပျာကသီ ပြေးသွားရလေသည်။

"နင့်လက်က ဆေးလိပ်ဟာ သောက်ပြန်ပလား။ ဒီတောအကျင့်တွေကို ဖျောက်ရမယ်လို့ ဘယ်နှခါ ပြောရမလဲ၊ နောက်တစ်ခါ ထပ်ပြီး မမြင်ရစေနဲ့"

တင်မေသည် ဆေးပေါ့လိပ်တိုကလေးကို မီးသတ်ကာ ပြတင်းပေါက်မှ အောက်သို့ ပစ်ချလိုက်လေတော့သည်။

တင်မေသည် မြို့အရပ်သို့ ရောက်ခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း တောသူကလေးကဲ့သို့ပင် ရိုးရိုးနေထိုင်တတ်လေသည်။ သူတကာ မိန်းကလေးများကဲ့သို့ ခေတ်ဆန်ပလွှားမှုမျိုးများကို အတုမယူဘဲ အလုပ်ရှိသမျှကိုသာ ခေါင်းငုံ့ပြီး ကြိုးစားလုပ်ကိုင်ပေသည်။

❒

mgyoe.com

mgyoe.com

# အခန်း (၄)

ကျောင်းသား မောင်နှမ စာကျက်ရာတွင် ထိုင်၍ စောင့်ရင်း တင်မေသည် တစ်ခါတစ်ရံ ငိုက်၍ငိုက်၍ လာလေတော့သည်။

တစ်နေ့လုံးလုံး မနားမနေ အိမ့်ဗာဟီရကိစ္စများကို အကြမ်းအနုမရွေး လုပ်ကိုင်ခဲ့ရပြီး ညမိုးချုပ်ချိန်တွင် မောပန်း ညောင်းညာလာပြီး အိပ်ချင်ရှာပေလိမ့်မည်။

သူ့မှာ တစ်အိမ်သားလုံးနှင့် တွဲဖက်၍ စကားပြောစရာ လူလည်း မရှိသဖြင့် ပျင်းလည်း ပျင်းလာပေလိမ့်မည်။ ဤအချိန်မျိုး၌ မယ်သုံတို့ လင်မယားမှာ မီးဖိုဆောင်ကိစ္စများ ပြီးစီးခဲ့၍ သူတို့နေထိုင်ရာ တိုက်နောက်ဘေး ဝင်းထရံနားရှိ အစေခံတန်းလျားသို့ ပြန်သွားကြလေပြီ။

တင်မေသည် အိပ်ချင်သော်လည်း သူ့တာဝန်ကို သူသိသည့်အလျောက် မအိပ်သေးဘဲ ထိုင်စောင့်ရင်း အိပ်ငိုက်ခြင်းမှ ပြေပျောက်စေရန် သူတို့ မောင်နှမဖတ်ပြီး ချထားသော ဖတ်စာအုပ်ကလေးများကို လှန်လှောပြီး အရုပ်ကလေးများကို ကြည့်ရှုနေလေသည်။ အစ်မကြီး ခင်စိန်းမြင့်နှင့် မောင်ကလေး ဘလှမြင့်တို့သည် သူတို့ ကျက်ရန်ရှိသည့် စာများကို တတွတ်တွတ် ကျက်မှတ်သင်အံနေသည်။

တင်မေသည် သူတို့ မောင်နှမ နှစ်ယောက်တို့အား ကြည့်ကာ တစ်ချက်မျှ သမ်းဝေလိုက်လေ၏။

mgyoe.com

mgyoe.com


ဘလှမြင့်သည် တင်မေအား စာဖက်နေရာမှ တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်လေ၏။

တင်မေမှာ အိပ်ငိုက်စပြုနေလေပြီ။

"ဟဲ့ . . . တင်မေ အောက်ထပ်မှာ ရေတစ်ခွက် သွားခပ်ခဲ့စမ်း"

အစ်မကြီး ခင်စိန်းမြင့်က ရေခပ်ခိုင်းသဖြင့် တင်မေသည် အောက်ထပ်လှေကားဆီသို့ ညင်သာစွာထ၍ သွားလေ၏။

"ကောင်မလေး သနားပါတယ်နော် မမမြင့်၊ တောသူကလေးပီပီ နေတာပဲ၊ စာလည်း မတတ်ဘူး ထင်ပါရဲ့"

"ဘယ်စာတတ်မလဲကွယ်၊ တောသူတောင်သားဆိုတာ အရိုင်းအစိုင်းတွေပဲ"

အစ်မကြီးက မောင်လေးအား ပြန်ပြောလိုက်လေသည်။

"သနားစရာလေးဗျာ၊ ကျွန်တော် စာသင်ပေးရင်တော့ တတ်မှာ အမှန်ပဲ၊ ဒီကောင်မလေးဟာ အားလုံးထဲမှာတော့ တော်တော့ကို ရိုးသားတဲ့ ကောင်မလေးပဲ၊ အလုပ်အကိုင်ဆိုလည်း ဘာမှ ပြောမနေရဘူး၊ ပြီးတော့ အလိုက်လည်း သိတတ်သားပဲ"

ခင်စိန်းမြင့်သည် ဘလှမြင့်အား ဘာမျှပြန်မပြောဘဲ တင်မေ ခပ်လာသော ရေကိုသာ ငုံ၍သောက်ပြီး စာကို ကျက်မြဲကျက်နေလေသည်။

"တင်မေ ငါ့ဖို့လည်း တစ်ခွက်ယူပေးဦး"

"ဟုတ်ကဲ့ အစ်ကိုမြင့်"

တင်မေသည် အောက်ထပ်သို့ ဖြည်းညင်းစွာ ပြန်ဆင်းသွားလေသည်။ အောက်ထပ်ရှိ ဧည့်ခန်းမှ တိုင်ကပ်နာရီကြီးသည် ဒင်ခနဲ မြည်လိုက်လေသည်။

ည ဆယ်နာရီခွဲလေပြီ။

"ဟဲ့ . . . တင်မေ စာအုပ်တွေ သိမ်းပြီးရင် လာခဲ့ဦး၊ ငါ့ကို ဒီညနှိပ်ပေးစမ်း ညနေက မော်လီတို့ လာလည်နေတာနဲ့ ကြိုးမခုန်ရဘူး၊ ညောင်းလိုက်တာ"

"ဟုတ်ကဲ့မမ၊ ကျွန်မ ခြေဆေးလိုက်ပါဦးမယ်"

တင်မေသည် အိပ်ချင်စိတ်များ ပျောက်သွားပြီး ခင်စိန်းမြင့်အား မငြိုမငြင် နင်းနှိပ်ချိုးဖဲ့၍ ပေးနေလေသည်။

mgyoe.com

mgyoe.com


တစ်အိမ်သားလုံး အိပ်ရာဝင်ကြသည့်အချိန်မှာ ညဆယ့်တစ်နာရီမျှ ရှိလေပြီ။

တင်မေသည် ရှင်းလင်းသိမ်းဆည်းစရာရှိသမျှကို ပြုလုပ်ခဲ့ပြီး သူ့အိပ်ခန်းကလေးရှိရာ စတိုးဆောင်ကလေးထဲ၌ သင်ဖြူးဖျာကလေးကို ခင်း၍ အိပ်လေတော့သည်။

သူ့ဇာတိ တောရွာမှာဆိုလျှင် ဤအချိန်မျိုး၌ တစ်ရေးပင် နိုးခဲ့ရလေပြီ။ တောရွာ၏ထုံးစံမှာ မည်မျှပင် ဆင်းရဲပင်ပန်းသော်လည်း ညအချိန်အခါမျိုး၌ အေးချမ်းလွတ်လပ်လှပေသည်။

တစ်နေ့တာလုံး ပင်ပန်းစွာ ရှာဖွေလုပ်ကိုင်ရသော်လည်း ညအချိန်အခါ၌ စောစော အပန်းဖြေကြရလေသည်။ ဆင်းရဲသူဆင်းရဲသားများမှာ ဤသို့ အပန်းဖြေနိုင်သေး၍သာ အားအင်နှင့် ပြည့်စုံနေကြရခြင်း ဖြစ်ပေသည်။

သူတို့၏ နေ့အခါ ဆင်းရဲပင်ပန်းပုံမျိုးများနှင့် ညအချိန်မှာ အပန်းမဖြေကြရပါမူ အဘယ်မှာ ကျန်းမာရေးနှင့် ညီညွတ်နိုင်ပါတော့မည်နည်း။ တစ်နေ့စာ တစ်နေ့ပင် ရှာဖွေကြရသော်လည်း မမောနိုင် မပန်းနိုင်သော စိတ်ဓာတ်ကလေးများ ရှိနေကြရခြင်းမှာ ဤကဲ့သို့သော ညအချိန်မျိုး၌ အလုပ်မှ စောစောအနားယူကာ အပန်းဖြေပြီး အိပ်ရာ၌ နှစ်ခြိုက်စွာ အိပ်စက်ကြရခြင်းကြောင့်ပင်လျှင် ဖြစ်ကြပေလိမ့်မည်။

တင်မေသည် မည်သို့ပင် နောက်ဆုံးကျမှ အိပ်ရာဝင်ခဲ့ရသော်လည်း စိတ်ပျက်ငြီးငြင်ခြင်းမရှိ၊ သူ့မှာ ဖြစ်သမျှအကြောင်းကို ဖြစ်သလိုဖြေယူကာ ခံစားနိုင်သော သတ္တိရှိသူ တစ်ယောက်သာ ဖြစ်ပေသည်။

တင်မေသည် တစ်ခါတစ်ရံ ညအိပ်ရာဝင်ချိန်၌ တော၌ ကျန်ရှိခဲ့သော သူ၏ မွေးသဖခင်ကြီးအား သတိရ လွမ်းဆွတ်မိလေသည်။ ဖခင်ကြီးအား သတိရမိသည့်အခါတိုင်းမှာလည်း ရက်စက်သော မိထွေးဖြစ်သူနှင့် အသေဆိုးနှင့် သေဆုံးခဲ့ရှာသော မောင်ကလေး၊ ဆင်းရဲပင်ပန်းကြီးလှစွာသော တောရွာဒေသများကိုပါ တွဲ၍ မြင်ယောင်လာပြီး ခွဲခွာထားခဲ့ရသော ဖခင်ကြီးအားပင် မလွမ်းဆွတ်ဝံ့သလောက် ဖြစ်မိရှာလေတော့သည်။

တင်မေ သူ့ကြီးကြီးနောက်သို့ လိုက်လာတော့မည့် နံနက်ခင်းအချိန် မြစ်ဆိပ်သမွန်ရှိရာသို့ ဆင်းခါနီး၌ တင်မေနှင့် ဖခင်ကြီး၊ ညီမဝမ်းကွဲ တော်စပ်သူ

mgyoe.com

များ၊ အရီးလေးဆိုသူ တင်မေဖခင်၏ နှမတို့ စုရုံးရောက်ရှိလာပြီး နှုတ်ဆက်ကြလေသည်။ တင်မေသည် သူ့ကြီးကြီးက ရန်ကုန်သို့ ခေါ်ဆောင်မည့် အကြောင်းများကို တစ်ခုမကျန် သူ့ဆွေမျိုးများအား ပြောပြနေလေသည်။

တင်မေ၏ အရီးလေးဆိုသူမှာ တင်မေ မြို့အရပ်သို့ လိုက်သွားမည်ကို သဘောမတူချေ။ သဘောမတူသည့်အလျောက် သူ့အစ်ကိုအား ပြောပြနေသေးသည်။

"တင်မေကို မြို့အရပ်မှာ ထားမလို့လား အစ်ကိုလေးရယ်၊ မြို့အရပ်ဆိုတာ ကျွန်မတို့ ကြားဖူးသမျှတော့ မကောင်းလှပါဘူး၊ မြို့အရပ်ကလာတဲ့ လူတွေဟာ အပြောနဲ့အဟော မညီတာတွေ များတာပဲ၊ တစ်ခါတုန်းက ဟိုဘက်ရွာကလေးက ကိုဘိုးသိုက်သမီး အေးပုကလေးကို ဒီလိုပဲ မြို့က အဒေါ်ကြီး တစ်ယောက်က အလုပ်အကိုင်ပေးမယ်ဆိုပြီး ခေါ်သွားတာ နောက်တော့ ရောင်းစားခံရတယ်လို့ ကြားလိုက်ရဖူးတယ်။ ခုလည်း ဒီလိုပဲဖြစ်မှာ ပူပါတယ် အစ်ကိုလေးရယ်၊ သူကပဲ လိုက်ချင်ဦးတော့ အစ်ကိုလေးက ချော့မော့ပြီး တားပါတော့လား၊ ကျွန်မတို့တော့ မိတဆိုး သမီးကလေးမို့ တတ်နိုင်သမျှ စောင့်ရှောက်ရမှာပဲလေ"

တင်မေ၏ အရီးလေးသည် တင်မေအား ကြည့်ကာ မျက်ရည်ကလေးဝဲဝဲနှင့် သူ့အစ်ကိုအား ပြောပြနေလေ၏။

"မင်းတို့ပြောတဲ့အတိုင်းလည်း မဟုတ်နိုင်ပါဘူးကွယ်၊ မြို့ကလာတိုင်းလည်း မရိုင်းကြပါဘူး၊ လူချင်းတူပေမဲ့လည်း အသက်ရှုကွဲပါသေးတယ်၊ ခု . . . တင်မေကို ခေါ်လာတဲ့ လူဟာ နှယ်နှယ်ရရထဲက မဟုတ်ပါဘူးကွယ်၊ လယ်ပိုင်မြေပိုင်တွေနဲ့နေတဲ့ သူဌေးကတော်ကြီးပါ။ သူ့မှာလည်း သမီးတစ်ယောက်နဲ့ သားတစ်ယောက် ရှိပါသေးတယ်၊ စိတ်ထားလည်း ပြည့်ဝပါတယ်၊ ခု . . . တင်မေကို ခေါ်တာကတော့ သူ့အိမ်မှာ သားနဲ့သမီး အဖော်အလျော် ရအောင်လို့ပါပဲ၊ တင်မေကို မင်းတို့ပြောသလို ရောင်းစားမယ့် အမျိုးအစားထဲက မဟုတ်ပါဘူးကွဲ့၊ ပြီးတော့ ဒီသူဌေးကတော်ကြီးဟာလည်း ခုမှသိတာ မဟုတ်ပါဘူး၊ နှစ်တိုင်း တို့ရွာတစ်ဝိုက်မှာ လာလာပြီး စပါးသိမ်းနေကျဟာပဲ ဘာမျှမပူပါနဲ့"

"သြော် . . . မကြာခင် အပျိုအရွယ်ကလေး ဖြစ်လာတော့မှာမို့ မျက်စိကွယ်ရာမှာလည်း စိတ်မချဘူးပေါ့ အစ်ကိုလေးရယ်၊ အမိအုပ်လို့ ကြီးပြင်းခဲ့ရတာ မဟုတ်တော့ စိတ်မချတာ တစ်ခုပါပဲ"

mgyoe.com

mgyoe.com


"မင်းတို့ပြောတာလည်း ဟုတ်ပါတယ်ကွယ်၊ ဒါပေမဲ့ အဲဒီထိုအချိန်အရွယ် ရောက်လာလို့မှ လှလှမဝတ်ရ၊ လှလှမစားရရင်လည်း သင်းကံမကောင်းဘူး ဆိုရမှာပဲ၊ အခုတော့ သူ့ဟိုမှာ ပျော်ပျော်နေရင်း သူဌေးကတော်ကတော့ ကောင်းကောင်း ကျွေးပြီး လှလှဆင်မှာ အမှန်ပဲ၊ သူ့ကို ဝအောင်ကျွေးပြီး လှပအောင်တို့မှာ မဆင်နိုင်ဘူးကွယ် . . . ဒီတော့ သူချမ်းသာဖို့ သွားတဲ့ဟာပဲ သွားပါစေကွယ်၊ အားတဲ့အခါ တစ်ခါတလေတော့ တို့ဆီ ပြန်လာခဲ့လိမ့်မပေါ့ . . . ဟုတ်လား တင်မေ၊ တစ်ခါတလေ သူတို့ ကျေနပ်မယ်ဆိုရင် အလည်အပတ် တစ်ခါလောက် ပြန်လာခဲ့၊ ပြီးတော့ လိမ်လိမ်မာမာလည်းပဲနေနော် သမီး၊ ငါ့သမီး မိတဆိုးလေးမို့ ဆင်းရဲလွန်းလို့သာ ခွဲပြီး လွှတ်လိုက်ရတာ အဖေလည်း ဘယ်ခွဲချင်ပါ့မလည်းကွယ်"

တင်မေ၏ ဖခင်သည် သူ့နှမအား ပြောပြရင်း သမီးအားလည်း ဆုံးမမှာကြားနေလေသည်။

အရီးလေးဆိုသူမှာ သူ့အစ်ကို၏ အကြောင်းပြချက်နှင့် ညီညွတ်နေသော တူမငယ် တင်မေအား လှမ်း၍ ကြည့်ပြီး သဘောတူညီလိုက်ရလေတော့သည်။

တင်မေသည် အဆင်ပျက် ထဘီကလေး ခပ်နွမ်းနွမ်းနှင့် အင်္ကျီပခုံးပြဲ၊ အဖာရာကလေးဝတ်ကာ ခေါင်းမှ ဆံပင်နီရဲဖွာရရာဝဲနေကာ၊ ညှင်းဆိုးဆိုးကလေးသာ မြင်တွေ့နေရသဖြင့် အရီးလေးဆိုသူသည် နောက်ထပ်ဘာမျှ ထပ်မပြောတော့ဘဲ တိတ်ဆိတ်၍ သွားလေတော့သည်။

"အေး . . . အေး . . . ငါ့တူမ ဟိုမှာ လိမ်လိမ်မာမာသာ ကြည့်နေနော်၊ ညည်းဟာ မငယ်လှဘူး၊ လူစိမ်း သူစိမ်းတွေနဲ့ အလိုက်အထိုက်သာ ကြည့်နေကွဲ့ ကြားလား"

တင်မေက ကန်တော့စဉ် ဆုံးမမှာကြားလိုက်ပေသေးသည်။

တင်မေသည် ဖခင်ကြီးနှင့် အရီးလေးတို့အား တစ်ခါတစ်ရံ အလွန်သတိရမိလေတော့သည်။

သူ့မှာမူကား ဤသူဌေးကတော်ကြီးနှင့် သားသမီးတစ်စုတို့၏ အရိပ်တွင် ခိုလှုံခဲ့သည်မှစ၍ အစစအရာရာ ချမ်းသာလှပေသည်။ အရီးလေး ပြောသလို ရောင်းစားသည့် အဒေါ်ကြီးမျိုးနှင့်ကား တင်မေ၏ ကြီးကြီးမှာ နည်းနည်းမျှ မတူပေ။ သူဌေးကတော်ကြီးမှာ တင်မေအား ရိုးသားသည့်အလျောက် အစစအရာ

mgyoe.com

mgyoe.com


ရာ သူနှင့် ထိုက်တန်သလောက် အခွင့်အရေး ပေးထားပေသည်။ ချုပ်ချယ်လှသည် မရှိဘဲ အိမ်ရှိ အလုပ်များ ကုန်စင်အောင် လုပ်ပြီး ကောင်းကောင်းစား ကောင်း ကောင်းဝတ်ကာ အေးချမ်းသာယာစွာပင် ထားရှိပေသည်။

တင်မေက အလိုက်သိတတ်သည့်အလျောက် ဆူပူမာန်မဲခြင်း မပြုဘဲ အစဉ်သဖြင့် သူ့ဘာသာသူ နေတတ်သည်က များလေသည်။ တစ်အိမ်လုံးတွက် တင်မေ အနှဲ့အတာအခံရဆုံးဖြစ်သူမှာ သမီးအကြီး ခင်စိန်းမြင့်ပင် ဖြစ်ပေသည်။

ခင်စိန်းမြင့်သည် အပျိုဖော်ဝင်စအရွယ် အလှသွေးများကြွကာ ဖြူဖြူဝဝ ကလေးဖြစ်သည့်အလျောက် အလှအပလည်း အလွန်ပင် မွမ်းမံခြယ်လှယ်ပေသည်။

ဂါဝန်ဝတ် ကျောင်းသူကလေးဖြစ်သဖြင့် သွားရာလာရာ၌ ဖျတ်လတ် လွန်းလှ၍ တစ်ခါတစ်ရံ မိန်းကလေးနှင့်ပင် မတူလှပေ။ သူ့စိတ်မှာလည်း ကိုယ်နှင့် အတူ မြန်ဆန်ပြီး တစ်ခါတစ်ရံ သူ့အမူအရာများကို ကြည့်မြင်ရသည်မှာ လေပွေ တွင် ဝဲနေသော ပန်းမာလာကလေးနှင့် တူသလိုလိုပင် ရှိပေတော့သည်။

တင်မေသည် ခင်စိန်းမြင့် တာဝန်နှင့် ဇွဲမျိုးများကို မည်မျှပင် ခံရသော် လည်း သူ့မှာ အပန်းမကြီးလှပေ။ သူသည် အဆင်းရဲကြီး ဆင်းရဲသော တောရွာမှ ကြီးပြင်းလာခဲ့သူဖြစ်လေရာ ဤသူဌေးကတော်ကြီးသမီး ခေတ်ဆန်သော ကွန်ဗင့် ကျောင်းသူ ခင်စိန်းမြင့်၏ ဇွဲမျိုးလောက်ကို တင်မေ ခံနိုင်ရည်ရှိပါသေးသည်။

တင်မေသည် ဤအိမ်၌ အလုပ်ပင်ပန်းစွာ လုပ်ရ၍ဖြင့် မည်မျှပင် မနား ရစေကာမူ သူ့ဇာတိတောရွာကို မမီနိုင်သေးပါ။

ဆင်းရဲငြိုငြင်လှစွာသော ဘဝမှလာသူကလေးသာ ဖြစ်သဖြင့် "ငရဲမှလာ သူသည် ပြာပူကိုမမှု" ဆိုသည့် စကားကဲ့သို့ပင်တည်း။

တင်မေသည် တစ်ခါတစ်ရံ ဖခင်ကြီးအား သတိရသည့်အခါများ၌ သူ၏ အေးချမ်းသာယာစွာ နေထိုင်ရသော ဘဝကို မွေးသဖခင်ကြီးအား ပြလိုလှပေ သည်။

အရီးလေးဆိုသူအားလည်း ရောင်းစားတတ်သည့် အဒေါ်ကြီးမျိုးကဲ့သို့ မဟုတ်ဘဲ အေးအေးလူလူပင် ကျွေးမွေးပြုပြင်ထားပေသော ကြီးကြီးနှင့်သာ ချမ်း သာစွာနေရသည်များကို ပြောကြားလိုရှာပေသည်။

သို့သော် ဤမျှ ပင်ပန်းဆင်းရဲခြင်းကြီးလှစွာသော တောအရပ်ကိုမူကား

mgyoe.com

mgyoe.com

တင်မေသည် ခဏတာမျှလောက်သာ သတိရပြီး မကြာမီ မေ့၍ သွားလေတော့သည်။

အချိန်များသည် တစ်လမှ တစ်နှစ်၊ တစ်နှစ်မှ နှစ်နှစ်၊ သုံး. . . လေး. . . ငါး စသည်ဖြင့် တဖြည်းဖြည်း ပြောင်းရွေ့၍ လာခဲ့လေရာ ဆောင်းရာသီ ကုန်ကျူး၍ နွေဦးသို့ ရောက်ခဲ့ပြန်လေပြီ။

ပိတောက်၊ ကံ့ကော်များ တသင်းသင်း မွှေးပျံ့လာတော့မည့် သူဌေးကတော်ကြီးတို့ နေထိုင်ရာ ကြို့ကုန်းရပ်ရှိ စံရိပ်ငြိမ်အိမ်ကြီးမှာ ကျောင်းသားများ စာကျက်၍နေကြဆဲပင် ရှိနေသေးသည်။

နွေရာသီ စာမေးပွဲနီးကပ်နေပြီ ဖြစ်သဖြင့် ကွန်ဗင့် ကျောင်းသူကလေး နယ်လီမြင့်ခေါ် ခင်စိန်းမြင့်မှာ ဆယ်တန်း စာမေးပွဲအတွက် မနားမနေ စာကြိုးစား၍ နေရပေသည်။

ခင်စိန်းမြင့်မှာ ကျောင်းဖွင့်စက၊ သူငယ်ချင်း အပေါင်းအသင်းများဖြင့် ရယ်လား မောလားနေကာ အမှတ်မဲ့အချိန်ကို ကုန်လွန်ခဲ့စေသည့်အလျောက်၊ ယခုလို စာမေးပွဲ နီးကပ်၍နေသောအခါ အပူတပြင်းပင်၊ ကြိုးစားလေ့ကျက်၍ နေရပေသည်။

သူသည် ကုန်လွန်ခဲ့သည့် အချိန်များက မိတ်ဆွေများနှင့်သာ တစ်စထက် တစ်စ ပျော်ပါးလည်ပတ်နေခဲ့ရသဖြင့် ယခုလို စာမေးပွဲ နီးကပ်နေသောအခါ စာကိုသာ မဲ၍ ကျက်ရပြီး ပတ်ဝန်းကျင် လောကကြီးကိုပင် မေ့နေလုခမန်း ရှိနေရပေသည်။

မောင်ကလေး ဘလှမြင့်မှာမူကား နဂိုကပင် ရိုးရိုးသားသားနှင့် စာပေကို အဆက်မပြတ် သင်အံ ကျက်မှတ်ခဲ့ရလေရာ ယခုလို စာမေးပွဲနား နီးလာသောအခါ၌လည်း သူ့မှာ ဘာမျှအကြောင်းမထူးလှပေ။

ဘလှမြင့်သည် အငယ်ပင် ဖြစ်သော်လည်း သူ့အစ်မ နယ်လီမြင့်နှင့် တစ်တန်းတည်းပင် ဖြေဆိုရပေမည်။

ဘလှမြင့်သည် မြန်မာစာကို အထူးလေးစား ချစ်ခင်သူ တစ်ယောက်သာ ဖြစ်သဖြင့် မြို့မ အထက်တန်းကျောင်းကြီးတွင် မြန်မာစာကို အထူးလေ့လာ ကြိုးစားလျက် ရှိပေသည်။

mgyoe.com

သူသည် မြန်မာစာတွင် စိတ်ပါဝင်စားသည့်အလျောက် ကျောင်းသားပင်ဖြစ်သော်လည်း ရှေးရှေး မြန်မာစာပေဟောင်းများ ကဗျာလင်္ကာများတို့ကို အလွတ်ရနေသူများကဲ့သို့ပင် ရှာဖွေလေ့လာဆည်းပူးလေ့ ရှိပေသည်။

ယခုနှစ် ဆယ်တန်းစာမေးပွဲ ဖြေဆိုရခါနီးသောအခါ သူ့မှာ စာပေနှင့်ပတ်သက်၍ ဗဟုသုတကလေး အသင့်အတန် ရရှိနေလေပြီ။

ဘလှမြင့်၏ စာပေလေးစားမှုကြောင့်ပင်လျှင် အိမ်ရှိ ကျေးတောသူအစေခံမကလေး တင်မေမှာပင် ယခုအချိန်၌ မြန်မာစာကလေးများ ရေးတတ်ဖတ်တတ်လု ရှိနေရပေသည်။ တင်မေသည် ရိုးသားသော အစေခံမကလေး ဖြစ်သဖြင့်လည်း ဘလှမြင့်သည် သနားသောအားဖြင့် တင်မေအား စာကလေး တစ်လုံးစနှစ်လုံးစ သင်ပြပေးခဲ့ပေသည်။

တင်မေသည် နဂိုက မှတ်ဉာဏ်ကလေးလည်း အသင့်အတန် ရှိပုံရပေသည်။ ပင်ကိုဉာဏ် ကောင်း မကောင်းမှာ သင်အံလေ့ကျက်ရသည့်အခါများ၌ သိသာနိုင်ပေသည်။

တစ်စုံတစ်ခု၏ အရည်အချင်းမှာ သုံးစွဲကြည့်မှသာလျှင် သိသာနိုင်သကဲ့သို့ တင်မေကဲ့သို့သော လူသာမန်တို့၏ ဉာဏ်မှာလည်း ပညာကို လေ့လာကျက်မှတ်မိသောအခါ မည်မျှ အဆင့်အတန်းလောက်တွင်ရှိကြောင်း သိသာလာရပေသည်။

ဘလှမြင့်မှာ တင်မေအား စာသင်ပြပေးရင်း မခက်ခဲလှကြောင်း သိသောအခါ တစ်စထက်တစ်စ ပို၍ သင်ပြပေးလေသည်။

တင်မေကလည်း စာသင်ယူလိုစိတ်ကလေး ရှိလေသဖြင့် သူတို့မောင်နှမစာကျက်သည့်အနားတွင် ထိုင်စောင့်ရင်း သူ့အတွက် သင်ပြပေးထားသော စာများကို သင်အံ၍သာ နေခဲ့လေသည်။ ယခုအခါ၌ တင်မေသည် ဗျည်းသုံးဆယ့်သုံးလုံးသာမက စာကြောင်းကလေး အချို့ကိုပင် သူ့ဘာသာသူ ပေါင်းစပ်၍ ဖတ်တတ်, ရေးတတ်,နေပေပြီ။

ဘလှမြင့်သည် စာမတတ်သော ကျေးတောသူ အစေခံမကလေးအားစာသင်၍ တတ်ခဲ့လေသဖြင့် အတော်ကလေး ဝမ်းသာမိလေသည်။ ဘလှမြင့်မှာ သူ့အစ်မ ခင်စိန်းမြင့်ကဲ့သို့ မဟုတ်မူဘဲ ဆင်းရဲပင်ပန်းသည့်သူများကို မြင်ရလျှင် သနားကြင်နာတတ်ပေသည်။ ဒုက္ခရောက်သူ၊ မပြည့်စုံသူများကို မြင်ရလျှင် တတ်အားသမျှ စောင့်ရှောက်ကူညီလေ့ ရှိပေသည်။

mgyoe.com

mgyoe.com


"(လူကြီးမိဘ၊ ဆရာစသား၊ စိုးရသခင်၊ ကျေးဇူးရှင်တို့ ပြစ်တင်မောင်းမဲ၊ ရိုက်ပုတ်ဆဲလည်း၊ ဝမ်းထဲယုံ့ယုံ့၊ ယုန်လျှင် ကြုံ့သို့၊ ဆိုတုံ့မဝံ့၊ စောင်မာန်ညံ့၍၊ ကြောက်ရွံ့ရှိသေ၊ သည်းခံတွေဖြင့်၊ ရိုသေသည်းတွင်း၊ ငြိမ်းစေမင်း။)

"ရော့. . . တင်မေ ဟောဒါ ကူးရေးပြီးတော့ အလွတ်ရအောင် ကျက်ထား၊ နောက်တော့ ငါ အဓိပ္ပာယ်ပြန်ပြမယ်"

ဘလှမြင့်သည် ဆရာက တပည့်အား တင်ပြသကဲ့သို့ တင်မေအား စာကျက်နေရာမှ ခပ်တည်တည်ကြီး ပြောပြနေလေ၏။

"ဟုတ်ကဲ့ အစ်ကိုမြင့်၊ ဒါနဲ့ တင်မေ ညက ရေးထားတာလေးတွေကော ကြည့်တော့မလား တင်မေ ယူပြမယ်"

တင်မေသည် ကျောင်းသားငယ်ကလေးပမာ ဖျတ်လတ်စွာနှင့် သူညက မအိပ်ခင် ရေးထားသော စာကြောင်းကလေး အချို့ကို ဘလှမြင့်အား ယူလာပြီး ပြလေသည်။

"နင့်လက်ရေးကလည်း ညီပဲ မညီနိုင်သေးဘူး၊ အဲဒါလည်း ပြန်ပြီး ရေးထားလိုက်ဦး ကြားလား"

"ဟုတ်ကဲ့"

တင်မေသည် သူ ယူလာသော လက်ရေးလှ စာအုပ်ကလေးကို ပြန်ယူသွားပြီး ဘလှမြင့်နှင့် အစ်မကြီး ခင်စိန်းမြင့်တို့၏ အိပ်ရာများကို ပုတ်ခါပြီး ရှင်းလင်းနေလေသည်။

ပြီးလျှင် တင်မေသည် အိမ်အောက်ထပ် လှေကားမှ ပန်းခြံတွင်းဆီသို့ ဆင်းခဲ့လေသည်။

ဇွန်ပန်းရုံများမှာ ဖွေးဖွေးဖြူနေအောင်ပင် ပွင့်နေကြပေသည်။ သဇ္ဇာကန်မှာ တောစံပယ်ချုံမှ စံပယ်ပွင့်ကလေးများနှင့် တူသလိုလိုပင် ရှိပေသည်။

တင်မေသည် ဇွန်ပန်းပွင့်ကလေးများကို တစ်ပွင့်ပြီးတစ်ပွင့် ခြွေပြီး ခြင်းကလေးထဲသို့ ထည့်နေလေ၏။

အိမ်ကြီး၏ အပေါ်ထပ်ဆီမှ လေချွန်သံလိုလို၊ အင်္ဂလိပ် သီချင်းဆိုသံလိုလို တင်မေ ပန်းခူးရာ ခြံထောင့်ဆီသို့ ပျံ့လွင့်၍လာလေသည်။ တင်မေသည် ဇွန်ပန်းရုံများဆီမှခွာကာ နှင်းဆီရုံများရှိရာသို့ ကူးခဲ့ပြန်လေသည်။

mgyoe.com

 mgyoe.com 

သူသည် နှင်းဆီပွင့်များကို တစ်ပွင့်ပြီး တစ်ပွင့် ခူးပြီး ခြင်းကလေးထဲသို့ပင် ထည့်လိုက်ပြန်လေသည်။

တင်မေသည် ဘုရားဆောင်ကလေးရှေ့ရှိ ရေစင်ပေါ်တွင် ပန်းများကို ကြကာ ရေနှင့်ဆွတ်ဖျန်း ဆေးကြောရင်း ပန်းခြံတွင်းဆီသို့ ငေး၍ ကြည့်နေလေ၏။

"ဟဲ့ . . . တင်မေ နှင်းဆီပွင့်လှလှ နှစ်ပွင့် ယူခဲ့စမ်း"

တင်မေသည် အသံကြားရာသို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်လေ၏။ ခင်စိန်းမြင့်သည် ကျောင်းတက်ချိန်နီးသဖြင့် မှန်ရှေ့တွင် အလှပြင်၍နေဆဲပင် ရှိလေသည်။

တင်မေသည် ခင်စိန်းမြင့်ရှိရာသို့ နှင်းဆီပွင့် ပန်းရောင်နှစ်ပွင့်ကို ယူ၍ ပေးလိုက်လေသည်။

ခင်စိန်းမြင့်ကို တင်မေသည် ခဏမျှစိုက်၍ ကြည့်လိုက်မိလေသည်။ ခင်စိန်းမြင့်မှာ အပျိုဖြန်းကလေး ဘဝမှ လွတ်မြောက်စပြုပြီး ပြည့်စုံသော အလှကျက်သရေနှင့် တင့်တယ်သည့် ရုပ်အဆင်းကိုဆောင်လျက်သာ ရှိပေသည်။

ဖြူဝင်းသော အသားကလေးနှင့် ဝတ်ထားသည့် ဂါဝန်ကလေးမှာ လိုက်ဖက်လှပါပေသည်။

ခင်စိန်းမြင့်သည် အိမ်၌နေစဉ်အခါများ၌ပင် ဂါဝန်တိုကလေးကို အမြဲလိုလို ဝတ်ဆင်လေ့ ရှိပေသည်။ ထဘီကို ဝတ်ခဲလှသည်။

သူသည် အလှခြယ်သရာ၌၊ သနပ်ခါး လိမ်းခဲလှသည်။ သနပ်ခါးသည် အလှချယ်သသည့် ပစ္စည်းတစ်ခုဟု သူမထင်၊ သူ့စိတ်ကြိုက်မှာ အလှပြင်ရာ၌ အလှဆီ၊ ပေါင်ဒါ၊ ရေမွှေး အစရှိသည့် နိုင်ငံခြားမှလာသည့် အရာတို့ကိုသာ နှစ်သက်လေ့ ရှိပေသည်။

သူသည် မျက်နှာကို အမြဲလိုလိုပင် ပေါင်ဒါရိုက်ထားသဖြင့် သူ့အသားကလေးမှ နုဖပ်ပြီး စိုပြည်၍သာ နေပေသည်။

နီရဲသော နှင်းဆီချပ်လွှာနှင့်တူသည့် နှုတ်ခမ်းကလေး တစ်ခုမှာ အမြဲစေ့၍မနေဘဲ ပြုံးယောင်ယောင်ကလေး ပွင့်စပြုနေတတ်ပါသည်။

နီရဲသော နှုတ်ခမ်းပွင့်ချပ်လွှာကလေးနှင့် သွယ်ပြောင်းသည့် လက်ချောင်းကလေးများမှ လက်သည်းကလေးများမှာ တစ်ရောင်တည်းသာ ရှိပေသည်။ တစ်ခါတစ်ရံ မို့ဖောင်းသော ပါးအို့ကလေးနှစ်ဖက်၌ နှင်းဆီချပ် အသွေးရောင်ကလေးများလည်း ပျို့စပြုနေတတ်ပေသေးသည်။

mgyoe.com

mgyoe.com


သေးသွယ်သော ခါးကလေးနှင့် ပြည့်ဖြိုးသော တင်ပါးဆုံမှာ ကြည့်၍ အဆင်ပြေလှပေသည်။ ဂါဝန်ကလေးနှင့် ကြည့်၍ကောင်းသည်ထက် သူ့အား မြန်မာပီပီ ထဘီနှင့် ရင်ဖုံးအင်္ကျီကလေးများ ဆင်ပေးလိုက်ရလျှင် မည်မျှ လှလာလိမ့်ဦးမည်ဟု မခန့်မှန်းနိုင်ချေ။

ထို့ကြောင့်ပင်လျှင် တင်မေတို့လို ဇာတ်တူသွေးဖြစ်သော မိန်းမသားချင်းကပင် ငေး၍ ကြည့်ကြရပေသည်။

တကယ်လှပသည့်သူများမှာ ကြည့်ရ၍ ရိုးသည် မရှိပေ။ ဘယ်လောက်ပင် ကြည့်ရစေဦးတော့ အလှမပျက် ကြည့်လိုက်တိုင်းမှာ လှ၍သာ နေပေတော့သည်။

အလှဓာတ် ရူပါရုံဟူသည်မှာ မြင်သူအား စိတ်နှလုံး ရွှင်ပြုံးကြည်အေးစေသည်၊ တစ်ခါကြည့်လိုက်မိသူအား နောက်တစ်ဖန် ထပ်၍ ကြည့်ရန်ပင် အလှဓာတ်က ဖိတ်ခေါ်တတ်ပေသေးသည်။

ထို့ကြောင့်ပင်လျှင် တင်မေသည် ရုပ်ရည်ရူပကာယအားဖြင့် အလှကြီးလှနေသော ခင်စိန်းမြင့်အား ကြည့်၍ မဝနိုင်အောင်ပင် ကြည့်နေမိလေသည်။

သူဌေးကတော်ကြီးသည် အသားအသွေး ဆူဝေပြည့်ဖြိုးပြီး အလှတိုးနေသော သမီးချော ခင်စိန်းမြင့်အား ကြည့်၍ မဝနိုင်သလောက် အစစအရာရာတွင် အလိုလိုက် အရေးပေးပေသည်။

"ဟဲ့ တင်မေ၊ သာလှကော မပြီးသေးဘူးလား၊ မြင့်တို့ ဒီနေ့ စာမေးပွဲစစ်တဲ့နေ့လို့ ပြောထားတာ၊ ခုထက်ထိ မလာသေးဘူး၊ သွားပြောချေလိုက်စမ်း"

တင်မေသည် အိမ်အောက်ထပ်ရှိ ဒရိုင်ဘာ သာလှအား ခေါ်ရန် ကပျာကသီ ဆင်းသွားလေသည်။

ခင်စိန်းမြင့်သည် အလှအပလည်း ခြယ်သတတ်လေရကား၊ သူ့မှာ လှသထက်သာ လှနေလေတော့သည်။

"မာမီ၊ ဒီနေ့ ဆုတောင်းနေနော်၊ မြင့်တို့ စာမေးပွဲ နောက်ဆုံးနေ့တဲ့ မြင့်တော့ အောင်မှာပါပဲ၊ ဒါပေမဲ့ မာမီ ဆုတောင်းနော်"

ခင်စိန်းမြင့်သည် သူ့မိခင်အား ကလေးပမာ ကနွဲ့ကလျဖြင့် ဟန်မူပိုပိုကလေး ပြောနေလေသည်။

mgyoe.com

 mgyoe.com 

"အေး . . . အေး . . . ဆုတောင်းမှာပေါ့ သမီးကလည်း ကြိုးစားဖြေကွဲ့ ဒါနဲ့ လူကလေးကော၊ လာပလား၊ သွားကြတော့လေ . . . အချိန်နီးနေပြီ"

"ကျွန်တော်အောက်ထပ်မှာ မေမေ၊ မမမြင့်ကို စောင့်နေတယ်"

အောက်ထပ်မှ ဘလှမြင့်၏ အသံကို ကြားရသဖြင့် ခင်စိန်းမြင့်သည် လေ့ကားထစ်များကို လိပ်ပြာကလေး ဝဲပျံသလို ဝဲခနဲ ကျော်နင်းကာ ဖျတ်လတ်စွာ ဆင်းခဲ့လေသည်။

တင်မေသည် ထွက်သွားသော ကားပေါ်မှ မောင်နှမ နှစ်ယောက်အား ကြည့်ရင်း ရင်တွင်းမှာ ပျော်သလိုလိုကလေးဖြစ်ကာ တစ်ယောက်တည်း ကြည်နူး နေမိလေတော့သည်။

နွေရာသီ ကျောင်းပိတ်ရက်သို့ ရောက်ခဲ့ပြန်လေပြီ။

စံရိပ်ငြိမ် အိမ်ကြီးမှာ နွေရာသီ ကျရောက်ပြီဆိုလျှင် အထူးသဖြင့် ပျော်စရာ ကောင်းလှတော့သည်။

ပစ္စည်းဥစ္စာလည်း ပြည့်စုံကြွယ်ဝသည်၊ သားသမီး ခြွေရံသင်းပင်းနှင့် လည်း ပြည့်စုံသည်။ ကျန်းမာခြင်းနှင့်လည်း ပြည့်စုံညီညွတ်ကြသည်ဖြစ်သော သူဌေးနှင့် သူဌေးကတော် မိသားတစ်စုတို့မှာ အစစအရာရာ လိုလေသေးသည် မရှိလှဘဲ လောကကြီးအလယ်တွင် တင့်တယ်ညီညွတ်သည့် အိမ်ထောင်ရှင် မိသား တစ်စုတို့သာလျှင် ဖြစ်ကြပေသည်။

ကျောင်းပိတ်ရက်အချိန်များ၌ သားဖြစ်သူ ဘလှမြင့်မှာ စာကိုသာ ကုပ်၍ ကြည့်မြဲကြည့်နေတတ်လေ့ ရှိပေသည်။

သမီးချော ခင်စိန်းမြင့်မှာမူ မိတ်ဆွေများနှင့် ပျော်ပွဲစားထွက်သည့်အခါ ထွက်၊ ပျင်းသည့်အခါ မိတ်ဆွေများအား အိမ်တွင် ဖိတ်ခေါ်ကာ ပြုစုကျွေးမွေး ဧည့်ခံပြီး အပျင်းဖြေသည့်အခါဖြေ၊ တစ်ခါတစ်ရံ ဧည့်ခန်းရှိ စန္ဒရားကြီးတွင် ထိုင်ကာ အင်္ဂလိပ် တီးလုံးများကို လေ့ကျင့်ရင်း ဆိုသည့်အခါဆိုဖြင့် နွေရာသီ၏ ပူပြင်းသော နေ့အချိန်များကို ကုန်လွန်စေပါတော့သည်။

သူတို့မောင်နှမ ကျောင်းပိတ်ချိန်၌ မိဘများမှာ သားနှင့်သမီးအား ကြည့်ကာ တစိမ့်စိမ့် ပီတိဖြစ်နေသလောက် အိမ်ရှိ အစေခံမကလေး တင်မေမှာ အထူး အလုပ်ရှုပ် ပင်ပန်းရှာပေသည်။ အစ်မကြီး ခင်စိန်းမြင့်နှင့် ဧည့်သည်များ၏ တာဝန်များ၊ တစ်ခါတစ်ရံ ငြီးငွေ့ဖွယ်ကောင်းအောင်ပင် များပြားလှပေသည်။

mgyoe.com

mgyoe.com


သို့သော် တင်မေသည် ရှိသမျှ အလုပ်များကို မလစ်ဟင်းစေရအောင် အထူး သတိပြု လုပ်ကိုင်ပေးလေသည်။

ခင်စိန်းမြင့်၏ ကျောင်းသားမိတ်ဆွေများအနက် ယောကျ်ားကလေး မိတ်ဆွေတချို့လည်း ပါရှိပေသည်။

သူတို့သည် မိဘများ အလိုက်သိ၊ အရေးပေးထားသည့်အလျောက် လွတ်လပ်စွာပင် ခင်မင်ဆက်ဆံလျက် ရှိကြလေသည်။

မောင်ကလေး ဘလှမြင့်မှာမူကား လူပျိုကြီးဖားဖားပင် ဖြစ်စပြုနေသော် လည်း အိမ်သို့ အသိမိတ်ဆွေ၊ သူငယ်ချင်း စသည်တို့ ဝင်ထွက်သွားလာနေကြသည်ဟူ၍ မရှိဘဲ သူ့ဘာသာသူ တစ်ယောက်တည်း အေးအေးလူလူ စာဖတ်၍နေသည်က များလေသည်။

တစ်ခါတစ်ရံ အစ်မဖြစ်သူ၏ ဧည့်သည်များနှင့် လိုက်လျောညီထွေနေပြီး လျှင် တစ်ခါတစ်ရံမူကား သူ့ဘာသာသူ တစ်ယောက်တည်း ခြံကြီး၏ တစ်ဖက် ထောင့်ရှိ ရေတွင်းပေါင်ပေါ်တွင် ပက်လက်ကုလားထိုင်တစ်လုံးနှင့် ထိုင်ကာ စာဖတ်၍ နေလေ့ရှိပေသည်။ ကြို့ကုန်းအရပ်ကလေးကား နေထိုင်၍ အေးချမ်း သာယာခြင်း ရှိလှပေသည်။

လူချမ်းသာပိုင်းများသာမက ဥယျာဉ်ခြံမြေ စိုက်ပျိုးလုပ်ကိုင်ပြီး နေထိုင် အသက်မွေးကြသော လူအချို့၏ ရပ်ကွက်များမှာပင် သာယာအေးချမ်းလှပေ သည်။

ဝင်းခြံတိုင်း ဝင်းခြံတိုင်းမှာပင်၊ အုတ်ပေါင်ခတ်ထားသော ရေတွင်းနှင့် ကိုယ်စီရှိကြလေသည်။

ရေတွင်းနှင့် မနီးမဝေးတွင်ကား သီးစား ရွက်စားပင်များ စိုက်ပျိုးကြကာ ရေသွားမြောင်းကလေးများ ဖောက်လုပ်၍ ထားကြလေသည်။

မင်းကတော်ကြီးတို့၏ စံရိပ်ငြိမ်ခြံကြီးမှာ သီးစား ရွက်စားပင်များ သာ မကဘဲ ပန်းမျိုးပေါင်းလည်း စုံလင်လှပေသည်။

သူဌေးကတော်ကြီးမှာ ခြံထဲတွင် ပန်းမျိုးပေါင်း စုံလင်အောင်ပင် စိုက်ပျိုး မွေးမြူထားရန် မာလီကို အထူးလခပေး၍ ငှားထားရလေသည်။

သူဌေးကတော်ကြီးမှာ အလှအပ အမွှေးအကြိုင်များ ကြိုက်နှစ်သက်လေ့

mgyoe.com

 mgyoe.com


ရှိသော သမီးပျိုချော ခင်စိန်းမြင့်၏ အလိုကျ ပန်းပေါင်းစုံ စိုက်ပျိုးပြုစုခိုင်းရသည်မှာ အလုပ်တစ်ခုပင် ဖြစ်နေလေသည်။

သားနှင့်သမီး ရှိကြသည့်အနက် သားအငယ် ဘလှမြင့်အတွက်မှာမူကား ဘာတစ်ခုမျှ အလိုလိုက်လျော့ခဲ့သည် မရှိခဲ့ဘူးပေ။ ဘလှမြင့်မှာ တစ်ဖက်သားအား ဘာတစ်ခုမျှ အကြောင့်ကြမပေးဘဲ ဖြစ်သလို တော်သလို နေတတ်သည့် လူအေးတစ်ယောက်သာ ဖြစ်လေရာ မိဘများမှာ သူ့အတွက် ဘာမျှကြောင့်ကြပူပန်ပေးခဲ့ရသည် မရှိချေ။

သမီးပျိုချော ခင်စိန်းမြင့်မှာမူ အလှအပ၊ အမွန်အမြတ်ဆိုသည်ကိုမှ ရွေးချယ်၍ ကြိုက်တတ်ပြီး တော်ရုံသဖြင့် အရာဟူသမျှကိုလည်း သူ့မှာ ရောင့်ရဲတင်းတိမ်လှသည် မရှိပေ။

ကောင်းကောင်းဝတ်၊ ကောင်းကောင်းစားပြီး ကောင်းကောင်းမွန်မွန်သာ နေချင်သော သူ့အလေ့ သတ္တိကလေးကြောင့် သားသမီးအား အလိုလိုက်ကြသော မိဘများမှာ အရိပ်ကြည့်နေရသလောက် အလုပ်လည်း ပိုနေကြရလေတော့သည်။

သို့သော် သားသမီး အလိုကျလျှင် ပြီးရော၊ ဘာကိုပင် လုပ်ပေးရစေဦးတော့ ဝန်မလေးလှသော မိဘလုပ်သူများမှာ ဤအလိုလိုက် ယုယကြရခြင်းကိုပင် ကျေနပ်ခြင်း တစ်မျိုးဖြစ်ကာ သူတို့ဘာသာ နှစ်သိမ့်ကြည်နူး၍ နေလေ့ရှိကြလေတော့သည်။

ခြံကြီးမှာလည်း ဆိတ်ငြိမ်သာယာခြင်းနှင့် ပြည့်စုံလှပေတော့သည်။ ဗွန်ပန်းရုံများ၊ နှင်းဆီချုံများ၊ ဆောင်တော်ကူး ပန်းကုံးများနှင့် အခြားလှပသောမက်မပြေ ပန်းရုံများ၊ ပျိုးခင်းကလေးသဖွယ် ယုယစိုက်ပျိုးထားသော သရက်ထည်ပန်းပြောက်ကလေးများမှာ ခြံကြီးတွင် ပန်းချီရောင်စုံခြယ်လှယ်၍ထားသည်ကဲ့သို့ကြည့်၍ မငြီးစရာပင် ကောင်းလှတော့သည်။ ကျောင်းသား ဘလှမြင့်သည် ဤလှပသော ခြံကြီး၌ လှပခြင်းထက် ဆိတ်ငြိမ်သာယာခြင်းကို ပို၍ အလိုရှိတတ်ပေသည်။

ခြံကြီး၏ ထောင့်ရှိ ရေတွင်းနှင့် မနီးမဝေး ကြံပင်အုပ်များ၏ သည်ဘက်အစပ်ရှိ မြေကွက်လပ်လေးတွင် ခုံတန်းလျားကလေးတစ်ခု ချထားကာ သူ့ဘာသာသူ အေးအေးလူလူ စာဖတ်၍နေလေ့ ရှိတတ်ပေသည်။

mgyoe.com

mgyoe.com


တန်ခူးလ၏ နေအရှိန်မှာ ပူပြင်းလွန်းလှသဖြင့် ပန်းမာလာကလေးများမှာ နံနက်ခင်း အချိန်ကကဲ့သို့ လည်တိုင်ကလေးများ မမော့နိုင်ရှာကြတော့ဘဲ ညှိုးလျလျကလေးသာ ဖြစ်နေရှာကြရလေသည်။ ကံ့ကော်ဖူးများမှာ အတာသင်္ကြန်ကို ငံ့မျှော်ကြရသည့်အတိုင်း ဖူးတံကလေး စိမ်းစိုစိုနှင့် ပွင့်အံ့ဆဲဆဲ ဝတ်လွှာကလေးများ ပုလဲရောင် ပြေးစပြုကာ မြရည်နှင့် ပုလဲရောစပ်၍ ဆင်ထားသကဲ့သို့သာ ရှိနေပေသေးသည်။

အဖူးအငုံတို့ဖြင့် ဝေဆာသော ကံ့ကော်ပင်ပျိုထက်မှ ရွှေဥဩမောင်မယ်မှာ တစ်ဦးနှင့် တစ်ဦး အချီအချ သီဆိုနေကြသည်ကို ပျင်းရိဖွယ်ကောင်းလှသော နွေဥတုရာသီကို သူတို့၏ သာယာလှသော တေးဆိုသံဖြင့် တော်လှန်သည့် သဘောကဲ့သို့ လွင့်၍လွင့်၍ ပါလာလေတော့သည်။

ကံ့ကော်ပင်ရိပ်အောက်ရှိ ခုံတန်းလျားပေါ်တွင် ပျင်းရိဖွယ်ရာကောင်းလှသော နွေရာသီကို ငြီးစီစီရှိလှသဖြင့် တစ်ကိုယ်တည်း စာအုပ်ကို အဖော်ပြုကာ အပျင်းဖြေတော့အံ့ဟု ထိုင်လာသော ဘလှမြင့်သည် သာယာသော ဥဩ၏ ဆိုတေးသံကို နားစွင့်၍ နေမိလေတော့သည်။

မည်မျှပင် ပျင်းရိခြောက်ကပ်ကာ ငြီးစီစီနေနေရသော်လည်း ရွှေဥဩ၏ တောသံမာဂဓ တေးကဗျာမှာကား ကြားရသူအား အပျင်းကို ပျောက်စေပြီး နွေရာသီ၏ ငြီးငွေ့ခြင်းမှ သက်သာရာရစေပါတော့သည်။ ဤအချိန်ရာသီမှာ တစ်နှစ်တာ၏ ကုန်ဆုံးတော့မည့်ဆဲဆဲ လပေါင်း တစ်ဆယ့်နှစ်လတို့၏ ရက်ကြွင်းရက်ကျန်ကလေးမျှသာ ဖြစ်လေရာ ခပ်သိမ်းသော ပတ်ဝန်းကျင်အရပ်ရှိ သတ္တဝါအပေါင်းတို့အား နှစ်၏ နောက်ဆုံး သဘာဝတရားဖြင့် တရားပြနေတော့သယောင် မှတ်ထင်မိစေပါသည်။

နွေရာသီ အတာသင်္ကြန်မတိုင်မီ ရက်ကာလ ဤအချိန်ကလေးမှာ တစ်နှစ်လုံးတွင် ပျင်းစရာအကောင်းဆုံးဟု ဆိုလိုက်ပါက မှားမည် မဟုတ်ချေ။

နွေနေ၏ ပူပြင်းသောအချိန်၊ ထိုနေရောင်အောက်မှ ဖြတ်ကျော်ကူးသန်းပြေးလွှားနေသည့် ရွက်ဝါရွက်ခြောက်များအား လိုက်လံညှဉ်းပန်းနေသည့် တောင်လေပူ၊ ညှိုးသွေ့ခွေယိုင်လုမတတ် ရှိနေကြရသော သစ်ပင်ပန်းမန်တို့မှာ အဘယ်မှာလျှင် ရှုကြည့်၍တင့်တယ်သာယာခြင်းကို ဖြစ်စေနိုင်ပါမည်နည်း။ ဤအခါမျိုးများ၌

mgyoe.com

mgyoe.com 

သဘာဝ ဖြေဖျော်မှုများဖြစ်ကြသော ကံ့ကော်၊ ပိတောက်တို့မှာ တင့်တယ်သော ရုပ်အဆင်းနှင့် သူတို့၏ လှပခြင်းကို လောကကြီးအား ပြလာကြရပေသည်။

ဥသြငှက်တို့ကလည်း အဆင်းပင် မလှကြစေကာမူ ဘာသာဘာဝ မာဂဓ တေးကဗျာတို့ကို သီဆိုကာ ပတ်ဝန်းကျင် လူ့လောကကြီးအား ဖျော်ဖြေသမှု ပြုလာကြရပေသည်။

ဤသို့လျှင် ဖျော်ဖြေသမှု ပြုလာကြရသောအခါ ခပ်သိမ်းသော လူသတ္တဝါမှန်သမျှတို့မှာ ကူးပြောင်းရအံ့သော နှစ်သစ်ကို သတိရ၊ မျှော်လင့်ကြကာ ပျင်းရာမှ ပြေပျောက်ကြရပြန်လေတော့သည်။

တစ်နှစ်ကုန်ဆုံးပြီး တစ်နှစ်ဆန်းဦးတော့မည့် နိမိတ်လက္ခဏာကား ရွှေဥသြမောင်မယ်တို့နှင့် ကံ့ကော်၊ ပိတောက် မြိုင်တစ်လျှောက်မှာ မြူးကြသည့် အသွင်အဆင်များတွင် သိသာနိုင်ကြရလေတော့သည်။

ဘလှမြင့်သည် ပူပြင်းသော နွေရာသီ အရှိန်ကြောင့် ငြီးစီစီ ဖြစ်လာသဖြင့် ဥသြသံကို ငေးမော၍ ကြည့်ရင်း အနည်းငယ် ပြေပျောက်သလိုလိုကလေး ဖြစ်လာလေသည်။

ဖူးတံများဖြင့် ကြွားရရား ဖြစ်နေသော ကံ့ကော်ဖူးကိုင်းများမှာ ပူပြင်းသော တောင်လေတွင် လှုပ်ရှားကာ ဆန်းဦးမည့် နှစ်သစ်ကို ငံ့မျှော်ရင်း နေမင်း၏ အပူရှိန်ဒဏ်ကို ခေါင်းငုံ့၍ ခံစားနေကြရရှာလေသည်။

ရွှေဥသြမောင်မောင်တို့သာ ကုန်ဆုံးမည့် နှစ်၏ ရက်ကြွင်းကလေး အတွင်းမှာ မပျင်းနိုင် မရိုးနိုင်ကြဘဲ ခြောက်သွေ့ပူပြင်းခြင်းကို တော်လှန်ရေးပြုကာ သာယာသည့် တေးသံကို ရင့်ကျူးနေကြလေသည်။

ရေတွင်းပေါင်အနီးရှိ ရေသွားမြောင်း နှုတ်ခမ်းပေါ်တွင် စိုက်ပျိုးထားသော ကြံပင်အုပ်များမှာ ရိုးရွက်များ ရင့်ကြော့ကာ တောင်လေရူးတွင် တရှဲရှဲ အော်မြည်လှုပ်ရှားနေကြပေသည်။

ဘလှမြင့်သည် နေရောင်ကလေး ပြောက်ကျားဖြစ်လာသော ကံ့ကော်ပင်ရိပ်အောက်တွင် လဲလျောင်းရင်း လက်ထဲက စာအုပ်ကလေးတွင် စိတ်ဝင်စားစွာ ဆက်လက်၍ ကြည့်မြဲ ကြည့်နေပြန်လေသည်။

သူသည် စာအုပ်ကို ကြည့်နေရာမှ အနည်းငယ် ငိုက်မျဉ်း၍လာရင်း မှေးခနဲ အိပ်ပျော်၍ သွားလေတော့သည်။

mgyoe.com

mgyoe.com


နားထဲတွင်ကား စန္ဒရားသံလိုလို၊ စကားတီးတိုးပြောသံလိုလို အသံများမှာ မသဲမကွဲပင် ကြားနေမိလေသည်။

သို့သော် သူသည် အိပ်ချင်၍နေသဖြင့် မျက်လုံးကို ဖွင့်မကြည့်တော့ဘဲ နေခြည်ရောင် ပြောက်ကျားဖြစ်နေသော ကံ့ကော်ပင်အောက်တွင်သာ အိပ်မြဲ အိပ်၍ နေလေသည်။

ရွှေဥဩမောင်မယ်မှာ တေးသံများ ရင့်ကျူးနေရာမှ ဘယ်နေရာ ဌာနဆီသို့ ပျံသန်းသွားကြပြီကို မသိရတော့ချေ။ ပန်းရနံ့ကလေးလိုလိုသာလျှင် ခြံတွင်း၌ ပျံ့သင်းဝဲပျံ့လျက် နေပေသည်။

ဘလှမြင့်သည် မည်မျှ အိပ်ပျော်သွားသည် မသိ၊ ရေတွင်းဆီမှ ရေသံများလိုလို နားထဲ၌ ကြားစပြုလာလေသည်။

မယ်သုံးနှင့် တင်မေတို့ နှစ်ယောက်သားသည် ရေတွင်းဘေးရှိ အုတ်သမံတလင်းပေါ်တွင် အဝတ်ဟောင်းများကို စုပုံကာ ဖွပ်လျှော်နေကြလေပြီ။

သူကား အိပ်ချင်မပြေနိုင်သေးသဖြင့် ခုံတန်းလျားပေါ်တွင် လှဲမြဲသာ လှဲ၍ နေလေတော့သည်။

နွေဥတု နေရှိန်ကား ပူပြင်းလှပါဘိတော့သည်။

လေမှာလည်း နေရှိန်ကြောင့် အေးမြခြင်းမရှိလှဘဲ ပူရှိန်ရှိန်နှင့် အခံရခက်အောင်ပင် ဖြစ်စေပါသည်။

"အစ်ကိုမြင့် . . . အစ်ကိုမြင့် . . . နေပြောက်တွေကျနေပြီ၊ မထသေးဘူးလား၊ ကော်ဖီသောက်ချိန်လည်း ရောက်နေပြီ"

ဘလှမြင့်သည် နားထဲ၌ မသဲမကွဲ ကြားလိုက်ရသဖြင့် မျက်လုံးကို ဖွင့်ကာ လှမ်း၍ ကြည့်လိုက်လေ၏။

အစေခံမကလေး တင်မေသည် လက်မှ အဝတ်စိုကလေးများကို ညှစ်ကိုင်ရင်း ဘလှမြင့်နှင့် မနီးမဝေး ရေတွင်းစပ်ဆီမှ လာရောက်၍ နှိုးနေလေသည်။

တင်မေသည် နေရောင်အောက်တွင် အင်္ကျီမပါဘဲ ထဘီရင်ရှားကလေးဖြင့် အဝတ်လျှော်နေရာမှ ထလာပြီး ဘလှမြင့်အား နှိုးလိုက်ခြင်းသာ ဖြစ်ပေသည်။

မယ်သုံးမှာ သမံတလင်းပေါ်တွင် ပုံနေသော အဝတ်များကို ဖွပ်လျှော်ဆဲရှိနေပေသည်။

mgyoe.com

 mgyoe.com


ဘလှမြင့်သည် တင်မေကို မြင်မှ သတိရလာကာ လဲလျောင်းနေရာမှ ထပြီး ထိုင်လိုက်လေတော့သည်။

သူသည် ယခုထက်ထိ အိပ်ချင်မပြေသေးသဖြင့် တန်းလျား နောက်မှီတွင် မှီကာ ရှေ့မျက်နှာ တူရူသို့ အိပ်ချင်မူးတူးဖြင့် ငေးငိုင်၍ ကြည့်နေလေတော့သည်။

တင်မေသည် ဘလှမြင့်အား နှိုးပြီးနောက် အဝတ်ရေစိုကလေးကို ကိုင်ကာ ရေတွင်းဆီသို့ ခပ်သုတ်သုတ်ကလေး လှည့်၍ လျှောက်သွားနေလေ၏။

ရင်ရှားထားသော သရက်ထည်ပွင့်ရိုက် ထဘီကလေးမှာ ရေစို၍ ပြည့်ဖြိုးသော အသားမှာ ကပ်၍နေလေသည်။

တင်မေသည် ငယ်စဉ်ကကဲ့သို့ မဟုတ်တော့ဘဲ အသားအသွေးများ ပြောင်းလဲလာစပြုကာ ပြည့်ဖြိုးစိုပြည်၍ ချစ်စရာ ရုပ်ရည်ကလေး ဖြစ်လာလေသည်။

ဆံတောက်တိုကလေးမှာ တဖြည်းဖြည်း ရှည်ကျလာပြီး အရပ်အမောင်းမှာလည်း သိသိသာသာကလေး ထွားကျိုင်း၍ လာပေသည်။ ကိုယ်နေကိုယ်ဟန်ကလေးမှာလည်း ကလေးမဟန်မျိုး လုံးလုံးမရှိတော့ဘဲ သွားလာနေထိုင် လုပ်ကိုင်ရာ၌ အနည်းငယ် ပြောင်းလဲ၍ လာလေတော့သည်။

အပျိုဖော်ဝင်စအရွယ်၊ လူမမည်ဘဝမှ ကူးပြောင်းခဲ့ရပြီး အပျိုကြီးဖားဖား ဖြစ်လာရတော့မည့် အချိန်အခါမျိုး၌ မိန်းကလေးတကာတို့တွင် ပြောင်းလဲစပြုကြစမြဲသာ ဖြစ်ပေသည်။

တင်မေကဲ့သို့ အစစအရာရာ သိတတ်လိမ္မာ စိတ်အခံကလေးရှိသော မိန်းကလေးမျိုးမှာ ပိုမို၍ သိသာနိုင်ပါသည်။

တင်မေသည် အပျိုဖော်ဝင်စ အချို့မိန်းကလေးများကဲ့သို့ ပြေးလွှားခုန်ပေါက်ကာ ရှူးနှမ်းနှမ်းနေတတ်သည်မရှိဘဲ ရှက်တတ်ရတော့မည့် အရွယ်ကို ခံစားသိရှိလာပြီး အစစအရာရာ နေထိုင်လုပ်ကိုင်မှုများ ပြုပြင်ပြောင်းလဲ၍ လာခဲ့ပေသည်။

ပြောရာ၊ ဆိုရာမှာလည်း ကလေး အမူအရာမျိုးသက်သက် မဟုတ်တော့ဘဲ ပြုံးချိုသော အမူအရာကလေးဖြင့် တစ်မျိုးကလေး ချစ်စရာကောင်းလာလေသည်။

mgyoe.com

mgyoe.com


ဘလှမြင့်သည် ကံ့ကော်ပင်အောက်ရှိ ခုံတန်းလျားပေါ်တွင် အိပ်ချင်မူး တူးဖြင့် ငေးငိုင်နေရာမှ အစေခံမကလေး တင်မေအား ရှေ့တူရူတွင် မြင်နေမိလေသည်။

တင်မေသည် ရေစိုသော အသားတွင်ကပ်သော ထဘီရေစိုကလေးဖြင့် ကြည့်၍ လှသလိုလိုပင် ရှိနေပေသည်။

အသားရောင်ကလေးများ မဖြူမညိုကလေးဖြစ်ပြီး သွေးသစ်ဝင်စပြုနေသဖြင့် တစ်မျိုးအားဖြင့် ဝါဝင်း၍သာနေပေသည်။

ပြုန်းခနဲ ပြောင်းလဲစ ပြုလာသော ကိုယ်ခန္ဓာ၏ အသွေးအသားတို့မှာ အိစက်နူးညံ့ပြီး မောက်ဖြိုးစွာပင် ရှိနေပေသည်။

ထဘီရင်ရှားကလေးကို တင်းကျပ်စွာ စည်းဝတ်ထားလေသဖြင့် ပြည့်ဖြိုးသည့် အသားစိုင်များမှာ မောက်သည့်နေရာက မောက်ကာ လျှောသည့် နေရာက လျှောနေပြီး နဂိုသဘာဝ အလှကလေးထက်ပင် လှနေတော့သလို မှတ်ထင်ရစေပါသည်။

မြင့်၍လာသော အရပ်အမောင်းကလေးနှင့် သွယ်လှသောခါး၊ ကားသော တင်ပါးဆုံနှင့် ဖြောင့်စင်းသည့် ပေါင်တံတို့မှာ သရက်ထည်ပွင့်ရိုက် ထဘီရေစို အောက်မှ နဂိုအလှကို ဖော်ပြနေပါတော့သည်။

ခြေတစ်ဖက်ကို လှမ်း၍ သွားလိုက်တိုင်းမှာ ကလေးဘဝကကဲ့သို့ မဟုတ်တော့ဘဲ အပျိုကြီးဖားဖားတို့၏ မူဟန်မျိုး ပါနေလေတော့သည်။

ဘလှမြင့်သည် တန်းလျားဘေးတွင် လေးကန်စွာရှိပြီး ငိုင်နေရာမှ လျှောက်သွားနေသည့် တင်မေအား စိုက်၍သာ ကြည့်နေမိလေတော့သည်။

တင်မေ၏ ရုပ်ရည်မှာ သူ့မျက်စိရှေ့တွင် တစ်မျိုးတစ်ဖုံ ပြောင်းလဲ၍လာကြောင်း တွေ့မြင်သိရှိနေလေသည်။

ယခင်က အမှတ်မဲ့ပင် နေခဲ့သော်လည်း ယခု ငေးစိုက်၍ ကြည့်လိုက်မိသည့်အခါ၌ အိမ်မှာ စေခိုင်းထားသည့် အစေခံမကလေး တင်မေမှာ အပျိုကလေး ဖြစ်လာစပြုနေပြီကို တွေးထင်သိရှိလာရလေတော့သည်။

ဘလှမြင့်သည် ငေး၍ပင် ကြည့်နေမိလေတော့သည်။

တနင်္ဂနွေနေ့ တစ်နေ့က သူ့မေမေ တောမှပြန်အလာတွင် ခေါ်ယူလာခဲ့

mgyoe.com

mgyoe.com

သော တောသူမကလေး၊ ညှင်းဆိုးဆိုး ရုပ်ရည်ကလေးနှင့် အိမ်သို့ရောက်ရှိလာခဲ့ခြင်းများကို ဖျတ်ခနဲ ပြေး၍ မြင်လာမိလေ၏။

ယခု တင်မေကား ငယ်စဉ်က ရုပ်ရည်မျိုးလုံးလုံး မရှိတော့ပေ။ အသားအရည်၊ အရပ်အမောင်း၊ ကိုယ်ဟန် အမူအရာမှစ၍ သိသိသာသာကြီး ပြောင်းလဲလာခဲ့ပြီး တစ်မျိုးတစ်ဖုံ ပြောင်းလဲပြီး လာပါကလား၊ ငယ်ငယ်ကလိုသာဖြင့် သင်းကလေးဟာ သနားစရာလေးပဲကို"

ဘလှမြင့်သည် အလိုက်သိစွာ၊ ယဉ်ကျေးဖော်ရွေပြီး ကျိုးနွံရှိသေသောတင်မေကလေးအား ငေး၍ ကြည့်ရင်း တစ်ကိုယ်တည်း တွေးတောနေမိလေသေးသည်။

ဘလှမြင့်သည် ရေတွင်းပေါင်တွင် ထိုင်ကာ အဝတ်လျှော်နေကြသောမယ်သုံးနှင့် တင်မေတို့အား ငေး၍ ကြည့်နေလေသည်။

"မြန်မြန်လျှော် မသုံးရေ၊ အပေါ်ထပ်မှာ ဧည့်သည်တွေများ ရောက်နေသလား မသိဘူး၊ ကားတစ်စင်း ဝင်သွားတာ မြင်လိုက်ရတယ်၊ ဘယ်သူ့မှ ခေါ်မရလို့ မမ ဆူနေပါဦးမယ်"

တင်မေသည် မြင့်လှသော နှစ်ထပ်တိုက်အိမ်ဆီသို့ မော့၍ကြည့်ပြီး အဝတ်ကို ခပ်သုတ်သုတ်ကလေး ဖွပ်လျှော်နေလေသည်။

ရေတွင်းဘေးရှိ ကြံပင်အုပ်များမှာ ပူပြင်းလှသော နွေလေပူမှာ တရှဲရှဲ အော်မြည်ကာ ဝှေ့ယမ်း လှုပ်ရှားနေကြပေသည်။

သစ်ပင်ရိပ်အောက်မှ ရွက်ဝါခြောက်များမှာလည်း ဟိုမှသည်မှ လှုပ်ရှား ကူးရွှေ့နေကြလေသည်။

ဘလှမြင့်သည် နွေရာသီကို ပျင်းရိစွာ မော့၍ကြည့်ရင်း ငေးမြငေးနေလေသည်။

ရေတွင်းဆီမှ တဖြန်းဖြန်း ဖွပ်လျှော်နေကြသံလည်း တိတ်ဆိတ်၍ သွားခဲ့လေပြီ။

ဘလှမြင့် တစ်ယောက်တည်းသာ တန်းလျားပေါ်တွင် ထိုင်ရင်း ငေးမောငြိမ်သက်၍ နေခဲ့လေသည်။

"တင်မေ" . . .

mgyoe.com

mgyoe.com


ကြံပင်အုပ်များမှာ တရှဲရှဲ အော်မြည်လျက်သာ နေလေသည်။

"ဟဲ့ . . . တင်မေ ကြည့်စမ်း၊ ဒီကောင်မလေး ခေါ်တာ မကြားဘူးလား"

အိမ်အပေါ်ထပ်ဆီမှ အော်ငေါက်၍ ခေါ်လိုက်သော အစ်မကြီး ခင်စိန်းမြင့်၏ အသံကို ကြားလိုက်ရလေ၏။

"လာပါပြီ မမ . . . ကျွန်မ အောက်မှာ အဝတ်တွေ လှန်းနေလို့ပါ"

အိမ်နောက်ဘေး လှေကားရင်းဆီမှ တင်မေ၏ အသံနှင့်အတူ ပြေးလွှားပြီး တက်သွားသံကိုလည်း ကြားလိုက်ရလေသည်။

"ဒီမှာ ဧည့်သည်တွေရောက်တာ နင် မသိဘူးလား၊ ခေါ်လိုက်ရတာ တကတဲမှပဲ"

"ဟုတ်ကဲ့ မမ၊ ဘာဖျော်ခဲ့ရပါမလဲ"

"သွား၊ ခါတိုင်းလို သံပရာဖျော်ရည်ယူခဲ့၊ သုံးခွက်နော်"

"ဟုတ်ကဲ့မမ၊ လာပါပြီ"

မကြာမီ တင်မေသည် အင်္ကျီလက်ပွကလေးကို လဲကာ ထဘီတိုကလေးကို ပြင်၍ဝတ်ခဲ့ပြီး သံပရာဖျော်ရည် လင်ပန်းကလေးကို အိမ်ရှေ့ဆင်ဝင်ဆောင် ဧည့်ခန်းဆီသို့ မ၍ ယူလာခဲ့လေသည်။ ခင်စိန်းမြင့်မှာ ဧည့်သည် သုံးယောက်နှင့် စကားလက်ဆုံကျကာ ရယ်လားမောလားဖြင့် တသောသော ဖြစ်နေလေသည်။

ဧည့်သည် ယောကျ်ားကလေး နှစ်ယောက်နှင့် မိန်းကလေး တစ်ယောက်တို့မှာ ခင်စိန်းမြင့်နှင့် ရွယ်တူလောက်ပင် ရှိကြပေသည်။

တင်မေ၏ သံပရာဖျော်ရည် လင်ပန်းကလေး ချလိုက်လျှင် ချလိုက်ခြင်း ခင်စိန်းမြင့်သည် ဖန်ခွက်များကို ပျာပျာသလဲ ယူထည့်ကာ ဧည့်သည်များအား ကိုယ်တိုင် ဧည့်ဝတ်ပြုနေလေသည်။

"သောက်ပါ ကိုအောင်ထူး၊ ဒီလို နွေရာသီမှာတော့ "ကိုးဒရင့်" မှပဲ ကောင်းတယ်"

"မော်လီလည်း သောက်ပါကွယ်၊ ကိုလှရွှေကော အတူတူပဲ သောက်ပါနော်၊ မြင့်ကတော့ ခုနတင်ပဲ သောက်ပြီးတယ်၊ သောက်ပါဦး၊ အားမနာကြပါနဲ့"

ဧည့်သည် သုံးယောက်မှာ ခင်စိန်းမြင့်၏ လောကွတ်ဖြာပုံတွေကို ကြည့်ပြီး ပြုံးရွှင်စွာ လှမ်းလင့်၍ ယူလိုက်ကြလေ၏။

mgyoe.com

"မြင့်က တယ်လည်း လောကဝတ်ကျေပွန်နေသကိုးကွဲ့၊ မော်လီတောင် မြင့်ကို မမှီဘူး၊ မြင့်က အိမ်သူ ပီသနေတာပဲ"

မော်လီဆိုသူ နှုတ်ခမ်းနီပါးကလေးနှင့် ကျစ်ဆံမိတ်ထုံးမယ်ကလေးက ခင်စိန်းမြင့်အား ရယ်မော ကျီစားလိုက်လေသည်။

"အမယ် မော်လီကလည်းကွယ်၊ ကိုအောင်ထူးတို့၊ ကိုလှရွှေတို့ရှေ့မှာ ပိုမနေစမ်းပါနဲ့၊ မြင့်ကို အထင်လွဲနေကြပါဦးမယ်"

"မြင့်က မော်လီအား ခပ်တည်တည်လိုလို လေသံကလေးဖြင့် ပြန်၍ ပြောလိုက်လေသည်။

"မြင့်အကြောင်း သိပြီးပါပဲဗျာ၊ ဟောဒီက ကိုလှရွှေလည်း သိပြီးပါပဲ၊ မြင့်တို့ မိတ်ဆွေတွေဆီက ကြားရကတည်းက ကျွန်တော်တို့ကလည်း ခင်မင်လျက်ပါပဲ၊ ဒီလိုပြုစုတာ ကျေးဇူးတင်ပါတယ်ဗျာ"

"ဟုတ်ကဲ့ . . . မြင့်ကတော့ ဒီလိုပဲ မိတ်ဆွေတွေကို ခင်မင်တတ်ပါတယ်၊ ကိုအောင်ထူးနှင့် ကိုလှရွှေတို့ကိုလည်း မော်လီက ပြောပြလို့ မြင့်တို့လိုပဲ ခင်မင်တတ်တဲ့အကြောင်း သိပြီးပါ၊ ဒါကြောင့် မြင့်က သိပ်မရင်းနှီးပေမဲ့ မြင့်တို့အိမ်ကို အလည်အပတ်လာကြဖို့ မော်လီက တစ်ဆင့် မှာလိုက်တာပါပဲ၊ မြင့်တို့အိမ်မှာ ဘာမျှအားနာစရာ မရှိပါဘူး။ နောက်လည်း ဘယ်အခါမဆို လာလည်ကြပါ၊ မြင့်ကတော့ တစ်ခါတစ်ရံမှပဲ အလည်အပတ် ထွက်လေ့ရှိပါတယ်၊ နွေပေါက်လာကတည်းက မြင့်အိမ့်ပြင်ထွက်တာ နည်းနေပါတယ်၊ ရာသီက ပူပြင်းပြီး ပျင်းစရာကြီးမို့လို့ ခုလို ဧည့်သည်လာဖို့ပဲ မြင့်က မျှော်လင့်တာပဲ"

မြင့်သည် ဧည့်သည် မျက်နှာစိမ်း နှစ်ယောက်အား ရင်းနှီးခင်မင်ခြင်း မရှိလှသော်လည်း ရင်းနှီးစွာပင် ဖိတ်ခေါ်ပြောဆိုနေပေသည်။

ကိုအောင်ထူးနှင့် ကိုလှရွှေတို့မှာ ယခုနှစ်မှ ရောက်ရှိလာခဲ့ကြသော တက္ကသိုလ်မှ ပထမနှစ် ဥပစာတန်းသား နှစ်ယောက် ဖြစ်ကြပေသည်။ သူတို့နှစ်ယောက်နှင့် မြင့်မှာ သိပ်မကျွမ်းဝင်လှသော်လည်း မိတ်ဆွေ မော်လီမှ တစ်ဆင့် ခင်မင်လိုက်ခြင်းသာ ဖြစ်ပေသည်။

"ကျွန်တော်ကလည်း မော်လီနဲ့ အလည်လိုက်မယ် လာမယ်နဲ့ပါပဲ၊ ခုမှပဲ စာကျက်ရတဲ့ ဝဋ်က ကျွတ်သွားတာနဲ့ လာခဲ့ကြတာပဲ။ ဒီနှစ်တော့ ပထမနှစ်လည်း

mgyoe.com

mgyoe.com

ဖြစ်နေလို့ တော်တော်လည်း ကြိုးစားရတယ်၊ အိမ်ကိုတောင် ဒီဟောလီးဒေးမှာ မပြန်ဘူး အောက်မေ့မိတယ်"

ကိုအောင်ထူးဆိုသူက မြင့်အား ပြုံးရွှင်စွာ ပြန်လည်ပြောဆိုနေလေသည်။ မြင့်သည် ဤကဲ့သို့ အသိမိတ်ဆွေများနှင့် စကားလက်ဆုံကျတတ်ရာ၌ အထူး ရွှင်လန်းကြည်လင်ပေသည်။

ပြည့်ဝင်းသော မျက်နှာ၏ ကျက်သရေဆောင် မျက်လုံးပျို တစ်စုံမှာ အရောင်ကလေး ပြောင်လက်ကာ ကြည့်၍ အထူးလှပပေသည်။

ကွေးညွတ်နက်မှောင်သော မျက်ခုံး၏အောက်ရှိ မျက်နက်ဝန်း အရောင် မှာ ပြောင်လက်စွာဖြင့် မြင်ရသူအား ဆွဲငင်နိုင်သော သတ္တိထူးကလေး တစ်ရပ် ပါရှိပေသည်။ မျက်နက်ဝန်းမှာ နက်ကျောလှသည်ချည်းမဟုတ်ဘဲ ပြာလဲ့လဲ့ အရောင်ကလေး သမ်းကာ တစ်ဖက်မှ တစ်ဖက်သို့ ကူးပြောင်း၍ ကြည့်လိုက်သည့် အခါ မျက်ဝန်းကလေးမှာ အရည်လည်နေသော ကျောက်မျက်ရတနာကလေးနှင့် သဏ္ဌာန် တူလှလေသည်။

တစ်စုံတစ်ခုကို အာရုံစူးစိုက်၍ ကြည့်လိုက်သည့်အခါများ၌လည်း မျက် နက်ဝန်း ရတနာကလေးသည် အကြည့်ခံလှသော၊ ရတနာမြတ် တစ်မျိုးကဲ့သို့ ကြည့်၍ မဝနိုင်သလောက်ပင် ညို့ချက်စွမ်းနိုင်လှပေတော့သည်။

ထို့ကြောင့်ပင်လျှင် မြင့်၏ အသိမိတ်ဆွေမှန်သမျှတို့သည် မြင့်၏ မျက်လုံး ပျို တစ်စုံကို ကြည့်၍ မဝနိုင်သလောက်ပင် မြင့်အား ခင်မင်လျက် ရှိကြပေသည်။

ကိုယ်ခန္ဓာ လှပခြင်းများတို့တွင် မျက်လုံးနှင့် ပါးစပ်သည် အထူးထင်ရှား ပေသည်။

မျက်လုံးအလှမှာ ကြည့်လိုက်တိုင်း အလှဓာတ် ပို၍ လာပေသည်။ ပါးစပ် ၏ အလှမှာလည်း ပြုံးလိုက်တိုင်း၊ ပြောဆိုလိုက်တိုင်း အလှဓာတ် ပိုကဲလာတတ်ပေ သည်။

မြင့်မှာ ဤအလှဓာတ် နှစ်မျိုးလုံးကို ပိုင်ဆိုင်ထားရှိသူ ခေတ်ဆန်းမယ် ကလေး တစ်ယောက်ပင် ဖြစ်ပေသည်။

ဤမျှလှပနေသည်ထက် မြင့်မှာ ခေတ်ကာလအလျောက် ဆန်းပေ၊ သစ် ပေဆိုသည့် အထည်အဝတ်မျိုးကိုမှ ရွေးချယ်ကာ ကိုယ်နေကိုယ်ဟန် အသားအရေ

mgyoe.com

mgyoe.com

နှင့် လိုက်ဖက်အောင် ဆင်သတတ်ပေရကား မြင့်သည် အလှရည် အလှသွေးတွေ စုနေသည့် ပုလဲဥကညာပျိုကလေး တစ်ယောက်သာလျှင် ဖြစ်နေပေသည်။

မြင့်သည် လှရုံမျှတင်မဟုတ်ဘဲ အပြောအဆို သွက်လက်ချက်ချာစွာဖြင့် မိတ်ဆွေသူငယ်ချင်းများအား ပေါင်းသင်းဆက်ဆံလေ့ရှိလေသဖြင့် မြင့်၏ မိတ်ဆွေများမှာ မြင့်ကို ပျော်ရွှင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုများဖြင့်သာ ခင်မင်ကြရာ၌ ဆက်ဆံလေ့ ရှိကြပေသည်။

မြင့်သည် အသိမိတ်ဆွေသစ်များကို တွေ့ရှိရရာ၌ သူ့ဘာသာသူချည်းသာ သိရှိရုံတင် မဟုတ်သေးဘဲ မိခင်ကြီးအားလည်း သူမှတစ်ဆင့် မိတ်ဆက်ခင်မင်စေလေ့ ရှိတတ်ပေသည်။

"နေဦး . . . နေဦး၊ မြင့်တို့ မာမီနဲ့ အသိဖွဲ့ပေးရဦးမယ်၊ မာမီ အိမ်ခန်းထဲမှာ ထင်ပါရဲ့။ မြင့်မောင်ကလေးကတော့ ခြံထဲမှာ အိပ်ပျော်နေတယ်"

ပြောပြောဆိုဆိုနှင့်ပင် မြင့်သည် အိမ်အတွင်းခန်းဆီသို့ ခပ်ပျာပျာကလေး ဝင်သွားလေသည်။

"မာမီ ဒီမှာ မြင့်ဆီကို ဧည့်သည်နှစ်ယောက် လာလည်နေတယ်၊ ထွက်ပြီး စကားပြောပါဦး မာမီရယ်၊ သူတို့ တက္ကသိုလ်က ကျောင်းသားတွေပဲ လာပါ မာမီ"

သူဌေးကတော်ကြီးသည် ဆိုဖာပေါ်တွင် လှဲနေရာမှ သမီး ခင်စိန်းမြင့် ခေါ်ရာသို့ ထ၍ လိုက်ပါလာခဲ့လေသည်။

သူဌေးကတော်ကြီးမှာ သမီးအကြီး မြင့်အား အရေးပေး အလိုလိုက်လှပေသည်။

မြင့်က ပူဆာသည်ဆိုလျှင် ဘာမဆို ဆောင်ရွက်ပေးသည်။ မြင့်အား သားငယ် ဘလှမြင့်ကလေးထက်ပင် အရေးပေးပုံရလေသည်။

ကျောင်းသား နှစ်ယောက်မှာ မြင့်နှင့်အတူ ထွက်လာသော သူဌေးကတော်ကြီးအား ကြည့်ကာ ပြုံး၍ နေကြလေသည်။

သူဌေးကတော်ကြီးသည် မြင့်၏ ရုပ်ရည်မျိုးကဲ့သို့ပင် လှပသူ တစ်ယောက်ဖြစ်ပေသည်။ သို့သော် သူက အသက်ကြီးသူဖြစ်သဖြင့် မြင့်ကဲ့သို့ ပေါ့ရှပ်ရှပ် အမူအရာမျိုး မရှိဘဲ ခံ့ညားလှပသော ရုပ်ရည်နှင့် ဣန္ဒြေသိက္ခာ ရှိလှပေသည်။

ပေါ်လွင်လှပသော နှာတံနှင့် တည်ငြိမ်သော မျက်လုံးတစ်စုံမှာ ရိုးသားတည်ကြည်တတ်သော အသွင်ကို မပြောဘဲနှင့်ပင် သိသာနေပါတော့သည်။

mgyoe.com

mgyoe.com


မြင့်၏ မိတ်ဆွေသစ် ကျောင်းသား နှစ်ယောက်မှာ မြင့်၏ မိခင် သူဌေးကတော်ကြီး၏ ခံ့ညားတည်ကြည်သော ရုပ်ရည်ကို ကြည့်ရင်း ပြုံးနေရာမှ လေးစားသောအသွင်သို့ ခဏခြင်း ပြောင်းသွားကြလေတော့သည်။

"မာမီ . . . ဟောဒါက တက္ကသိုလ်က ဒီနှစ် အိုင်အေဂျူနီယာဝင်ထားတဲ့ ကိုအောင်ထူး ဆိုတာပေါ့၊ ဒီဘက်ကတော့ စီနီယာဝင်ထားတဲ့ ကိုတင်ရွှေ ဆိုတာပဲ၊ မော်လီရဲ့ မိတ်ဆွေချစ်တွေပေါ့၊ ကိုအောင်ထူး ဒီမှာ မြင့်တို့မာမီလေ၊ ကိုတင်ရွှေလည်း အတူတူပေါ့၊ မြင့်ကို ခင်သလို ခင်ကြပါ။ မြင့်မာမီကလည်း ခင်မင်တတ်ပါတယ်" မြင့်သည် သွက်လက်ချက်ချာစွာဖြင့် တောက်ပသော မျက်လုံးပြာကလေးကို တလဲ့လဲ့ ဖြစ်စေကာ မိခင်နှင့် မိတ်ဆွေများအား အသိဖွဲ့ပေးနေလေသည်။

"ဪ . . . ဪ၊ မော်လီရဲ့ မိတ်ဆွေတွေကိုး၊ မြင့်ကိုလည်း ခင်မင်တယ်ဆိုတာ သိရလို့ ဒေါ်ဒေါ်က ဝမ်းသာပါတယ်ကွယ်၊ မြင့်ကလည်း မိတ်ဆွေကောင်း အမှတ်အသိပြုကြွဲ့၊ ရှေ့နှစ်မှာ မြင့် တက္ကသိုလ် ပြောင်းရတော့မှာ"

"ဟုတ်ကဲ့ခင်ဗျာ မြင့်ကိုလဲ မော်လီကို ခင်သလိုပဲ ခင်မင်ပါတယ်၊ တက္ကသိုလ်ပြောင်းမယ်ဆိုလို့ ဝမ်းသာနေကြပါတယ်၊ မြင့်ရဲ့ မိတ်ဆွေများကလည်း ဝမ်းသာနေကြပါတယ်"

"မြင့်တစ်ယောက်တည်းမဟုတ်ဘူး မောင်တို့ရဲ့၊ ဒေါ်ဒေါ့်သား အငယ်တစ်ယောက် ရှိသေးတယ်၊ ဘလှမြင့်တဲ့ သူလည်း မြင့်နဲ့ အတူပဲ ပြောင်းရမှာပါပဲ၊ ဒီနှစ် မြို့မမှာ ဆယ်တန်း ဖြေပြီးခဲ့ပါပြီ၊ အားလုံးပဲ ခင်ခင်မင်မင်ပေါ့ကွယ်၊ ဒေါ်ဒေါ်တို့ အိမ်ကိုလည်း ခင်ခင်မင်မင်ပဲ ဝင်ကြသွားကြပါ၊ မြင့်တို့ မောင်နှမကတော့ သဘောကောင်းပါတယ်၊ အသိမိတ်ဆွေဆိုရင် အင်မတန်မှပဲ လေးစားခင်မင်တတ်ကြပါတယ်၊ ဪ . . . ဒါနဲ့ ဘလှမြင့်ကော ဘယ်မှာလဲ၊ မြင့် ခေါ်ချေပါလားကွယ်၊ မောင်အောင်ထူးတို့နဲ့ စကားပြောရအောင်"

သူဌေးကတော်ကြီးက ပြောလေမှ မြင့်သည် ပျာပျာသလဲထကာ အိမ်အောက်ထပ် လှေကားဝဆီသို့ သွားလေတော့သည်။

"တင်မေ . . . ဟဲ့ . . . တင်မေ"

"ရှင် . . . မမ. . . လာပါပြီ"

တင်မေသည် အောက်ထပ် မီးဖိုဆောင်ဆီမှ ကပျာကယာကလေး ပြေးတက်လာလေသည်။

mgyoe.com

"သွား . . . မောင်လေးကို ခေါ်ချေစမ်း၊ ဧည့်သည်တွေ ရောက်နေတယ်လို့ မောင်လေးဘယ်မလဲ"

"ဟို . . . ကံ့ကော်ပင်အောက်က တန်းလျားပေါ်မှာ ထိုင်နေတယ် မမ၊ ခေါ်ချေပါ့မယ်"

တင်မေသည် ဘလှမြင့်အား ခေါ်ရန် ပန်းခြံတွင်းသို့ ပြေးဆင်းခဲ့လေတော့သည်။

"အစ်ကိုမြင့် . . . ဒီမှာ မမက ဧည့်သည်ရောက်နေလို့ လာခဲ့ပါဦးတဲ့၊ ကြီးကြီးလည်း ရှိတယ်"

"ဘယ်က ဧည့်သည်လဲဟ၊ နေ့လယ်ကြီး ကြောင်တောင်မှာ ပူရတဲ့အထဲ"

"မမြင့် သူငယ်ချင်းတွေ ထင်တာပဲ၊ တင်မေ မသိဘူး၊ အခု လာခဲ့ပါတဲ့"

တင်မေသည် ဘလှမြင့်အား ရပ်၍ပြောပြီး၊ အိမ်ကြီးဘက်ဆီသို့ ချာခနဲလှည့်၍ ပြန်သွားလေသည်။ တင်မေ၏ ကိုယ်ကလေးမှာ သိသိသာသာပင် ထွားကျိုင်း၍လာမှန်း သိရလေသည်။

မဖြူမညိုသော အသားအရေမှာ နုပျိုစိုဝင်း၍နေပြီး တင်းရင်းလတ်ဆတ်လှသည်။

ကိုယ်ပေါက် လက်ပေါက်မှာ အချိုးကျပြီး ပြေပြစ်လှပေသည်။ အဖိုးတန်လှပသည့် အဝတ်အစား အထည်မျိုးကို မဝတ်ဆင်ရသော်လည်း သရက်ထည်ပွင့်ရိုက်ထဘီကလေးနှင့် ရှံသားပွင့်ကျဲ အပေါ်စား အထည်ကလေးများပင် ဖြစ်သော်လည်း တင်မေ၏ ရုပ်ရည်မှာ နဂိုက နုပျိုတင့်တယ်ပြီး ဖြစ်ပေရကား ကြည့်၍လိုက်ဖက်လှပနေလေတော့သည်။

အစေခံမကလေးဖြစ်သဖြင့် အိမ်သူအိမ်သားများကဲ့သို့ မဟုတ်ဘဲ အင်္ကျီခါးတို၊ လက်ပွကလေးကို ဝတ်ဆင်ရရာ၌ သူ့မှာ တစ်မျိုးကြည့်၍လှပေတော့သည်။

ဆံပင်နောက်တွဲထုံးကလေးနှင့် အုပ်လုံးသိမ်းပြီးစ၊ ဆံတိုဆံတောက်စကလေးများ ကုပ်ပေါ်တွင် တစ်စတန ဖြာကျနေသည်မှာ တင်မေ၏ နုနယ်သော ရုပ်ရည်ကလေးတွင် ပို၍ နုပျိုလာစေပါသည်။ ပြည့်လုံးသော တင်ပါးကလေးနှစ်ဖက်မှာ ဖျတ်လတ်လျင်မြန်စွာ လုပ်ကိုင်သွားလာရာ၌ ကြည့်၍ တစ်မျိုးကလေးလှနေပေသည်။

mgyoe.com

mgyoe.com


ခါးကလေး သေးသွယ်သွယ်နှင့် မောက်ဖြိုးသော ရင်အုံတို့မှာ နဂိုအလှကို ဖော်ပြနေကြလေရော့သကဲ့သို့ပင်၊ ငယ်ရွယ်သူတို့၏ လှပသည့် ရုပ်သဏ္ဌာန်မှာ ထင်ရှား၍နေပါသည်။

ဘလှမြင့်သည် အိမ်ကြီးဘက်ဆီသို့ နောက်ခိုင်းလျက် ထွက်သွားသော တင်မေကလေးအား မတ်တတ်ထရာမှ လှမ်း၍ မြင်လိုက်ကာ တစ်အောင့်မျှ စိုက်ကြည့်လိုက်မိလေသည်။

သူ၏ အသိဉာဏ်များကား "ကောင်မကလေး တော်တော်ထွားလာပါကလား၊ ငယ်ငယ်ကရုပ်မျိုး မရှိတော့ဘဲကိုး" ဟုသာ သာမန်မျှ သိလာပြီး အိမ်ပေါ်ထပ် လှေကားဆီသို့ လှမ်းတက်၍ သွားလေတော့သည်။

ဆင်ဝင်ဆောင် ဧည့်ခန်းတွင် သူဌေးကတော်ကြီးနှင့် သမီး ခင်စိန်းမြင့်၊ ဧည့်သည် သုံးယောက်တို့မှာ စကားလက်ဆုံကျ၍ နေကြလေသည်။ သည်အထဲတွင် မြင့်မှာ အသွက်လက်ဆုံး၊ စကားအပြောနိုင်ဆုံး တစ်ယောက်သာ ဖြစ်နေပေသည်။

ဘလှမြင့်သည် ဧည့်ခန်းဆောင်ဆီသို့ တန်း၍ ဝင်သွားလေသည်။

အပြာရင့်ရောင် ခန်းဆီးများမှာ ပူပြင်းသော တောင်လေပူကြောင့် ပြတင်းဝမှာ တန့်ွ.နွဲ့. လှုပ်ရှားနေကြလေသည်။

"လာဟေ့ . . . မောင်လေး၊ မင်း အိပ်ပျော်နေလို့ မနှိုးတာ နောက်မှ မာမီက ခေါ်ခိုင်းတာနဲ့၊ ဒီမှာ တက္ကသိုလ်က မော်လီတို့ မိတ်ဆွေများလေ၊ ဟောဒါက ဒီနှစ် ဂျူနီယာဝင်ခဲ့တဲ့ ကိုအောင်ထူးပေါ့၊ အင်းဝဆောင်က၊ ဒီဘက်ကတော့ စီနီယာဖြေပြီးတဲ့ ကိုတင်ရွှေ ဆိုတာပဲ၊ မောင်လေးနဲ့ အသိဖွဲ့.ပေးဖို့ မာမီက နှိုးခိုင်းလိုက်တာလေ၊ ဒီမှာ ကိုအောင်ထူး အဲဒါ မြင့်မောင်လေးပေါ့၊ ရှေ့နှစ် သူလည်း မြင့်နဲ့အတူ လိုက်ခဲ့မှာပဲ" ဧည့်သည် နှစ်ယောက်မှာ ဝင်လာသော ဘလှမြင့်အား စကားပြောနေကြရာမှ လှမ်း၍ ကြည့်လိုက်ကြလေသည်။

ဘလှမြင့်သည် တစ်ပတ်ရစ် ပလေကတ်ကွက်ကြီးနှင့် ရှပ်ဖြူ လက်တိုကော်လာနှင့် အကျီကို ဝတ်ဆင်ထားပေသည်။

သူ ဝတ်ဆင်ပုံမှာ ရိုးသားသပ်ရပ်လှပေသည်။

ဘလှမြင့်သည် လက်ထဲမှ ကိုင်လာသော စာအုပ်ကိုချကာ မိတ်ဆွေ မောင်လီထံမှတစ်ဆင့် ဧည့်သည် နှစ်ယောက်ဆီသို့ ပြုံး၍ ကြည့်လိုက်လေသည်။

mgyoe.com

mgyoe.com


"ဩော် . . . ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ၊ ရောက် နေကြတာ တော်တော် ကြာသွားပြီလား၊ ကျွန်တော်လည်း ခြံထဲမှာ စာထိုင်ဖတ်ရင်း အိပ်ပျော်သွားတာနဲ့" . . .

ဘလှမြင့်က ဧည့်သည်နှစ်ယောက်အား စ၍ နှုတ်ဆက်လိုက်လေသည်။

"တယ်မကြာလှသေးပါဘူး၊ ဒီရောက်မှပဲ နည်းနည်း အေးသွားတော့တယ်၊ နေပြင်းလွန်းလို့ ဒီနေ့မှပဲ လာဖြစ်တော့တယ်"

ကိုအောင်ထူးက ဘလှမြင့်အား သွက်လက်စွာ ပြန်၍ ပြောလိုက်လေသည်။

"ကဲ . . . ကိုအောင်ထူးတို့ မောင်လေးနှင့် စကားပြောနှင့်ကြဦး၊ မြင့် မာမီနောက် လိုက်သွားဦးမယ်"

မြင့်သည် ဤသို့ပြောဆိုပြီး မော်လီအား လှည့်၍ကြည့်ကာ အိမ်အတွင်း ခန်းဘက်သို့ ထ၍သွားလေသည်။

"မြင့် လိုက်သွားမယ်နော် မာမီ၊ သူတို့ တစ်ခါတလေ ခေါ်ကြတာ မလိုက်လို့ ဘယ်ကောင်းပါ့မလဲ၊ ပြီးတော့လည်း သိပ်မကြာရပါဘူး မာမီရဲ့၊ သုံးနာရီခွဲပွဲ ဆိုတော့ ခြောက်နာရီသာသာလောက်မှာ မြင့် ပြန်လာမှာပေါ့၊ ပြန်လာတော့လည်း အိမ်အထိ လိုက်ပို့မယ်လို့ မော်လီက ပြောတယ်၊ နော် . . . မာမီ၊ မြင့် "လိုက်သွား မယ်နော်" မြင့်သည် သူ့မာမီအား မိတ်ဆွေများနှင့် ရုပ်ရှင်လိုက်ကြည့်ရန် ပူဆာနေ လေသည်။

"ခြောက်နာရီဆိုရင် မှောင်ပါပကောလား မြင့်ရယ်၊ ပြီးတော့ သူတို့ တစ်တွေနဲ့လည်း ရင်းနှီးတာ မဟုတ်ဘူး၊ သမီး ကြည့်ချင်ရင် သမီးဖေဖေ ပြန် လာတော့ မာမီပါ လိုက်ပြမှာပေါ့"

"ဟင် . . . မာမီကလည်း မြင့် ရုပ်ရှင်ကြည့်ရင် လူကြီးတွေနှင့် မကြည့် ချင်ပါဘူး၊ မိတ်ဆွေတွေနဲ့ ကြည့်ရမှ ပျော်တာ၊ မော်လီ တစ်ယောက်လုံး ပါပါသေး တယ် မာမီရယ်၊ ဘာမှပူစရာ မရှိပါဘူး၊ ပြီးတော့ မြင့်လည်း ရှေ့နှစ်ခါကို တက္ကသိုလ် ပြောင်းရတော့မှာ၊ ခုကတည်းက ခင်မင်ထားကြရင် သာပြီး ကောင်းတာပေါ့၊ တက္ကသိုလ်မှာ မြင့်မိတ်ဆွေ သိပ်ရှိသေးတာ မဟုတ်ဘူး၊ ဒါကြောင့် မြင့်တို့ ခင်မင် ထားတော့ ကောင်းတာပေါ့လို့ . . . မြင့် ဒါကြောင့် သူတို့ကို ဖော်ဖော်ရွေရွေ နေတာပေါ့ မာမီရယ်၊ ဟုတ်လား မာမီ၊ မြင့် လိုက်သွားရမလားဟင်" မြင့်သည်

mgyoe.com

mgyoe.com


သူ့မာမီ၏ စကားကို မကြားသကဲ့သို့ ရုပ်ရှင်ကြည့်ရန်ကိုသာ အတွင်ပူဆာနေလေတော့သည်။

"ကဲပါ . . . မာမီရဲ့၊ ဧည့်သည်တွေ အားနာစရာကြီး၊ မြင့် မလိုက်စေချင်တာဖြင့်လည်း မလိုက်ပါဘူး၊ မာမီကလည်းလေ . . . မြင့်ကို သိပ်ပူတတ်တာပဲ"

သူဌေးကတော်ကြီးသည် မြင့်၏ မျက်နှာကလေး အနည်းငယ် ညှိုးသွားသည်ဆိုလျှင် မနေတတ်တော့ပေ။

သမီးအား အခါခပ်သိမ်း ရွှင်ရွှင်ပျပျကလေးသာ မြင်လိုလှပေသည်။ သမီးဖြစ်သူက တစ်ခါတလေ နွဲ့သံပါလာလျှင်ပင် သူ့မှာ သနား၍မဆုံးနိုင် ဖြစ်တတ်ပေသည်။

"ကဲ . . . ကဲ . . . သမီးလိုက်ချင်ရင် လိုက်သွား၊ မာမီကတော့ စိတ်ပူတာပေါ့၊ သမီးတို့ အရွယ်ကလေးတွေဆိုတာ သိပ်လွတ်လပ်ရင် မကောင်းလှဘူးကွဲ့၊ လူကြီးမိဘတွေပူတာကို အပြစ်လို့ မထင်ကြနဲ့၊ ဘယ်ကိုပဲ သွားသွား၊ ကိုယ့်ကိုယ်ကိုယ်လည်း ထိန်းသိမ်းလိမ္မာကြ၊ ကြားလား။ သမီးက လှနေတော့ မေမေ ပူတာပေါ့၊ မြင့်ရယ်၊ ကဲ. . . ကဲ. . . သွားမှာဖြင့် အဝတ်လဲချေ"

"မာမီကလည်း မြင့်ကို ဘာလို့ပူရတာလဲ၊ အသိမိတ်ဆွေဆိုတာ ဒီလိုပဲ ဆိုရှယ်ဖြစ်အောင် နေကြရတော့၊ မြင့်တို့ ကွန်ဗင့်က မင်းကြီးသမီး မေရီတို့များ ဒီလိုပဲ သွားနေကြတာပဲ သူတို့ ဘာမှမဖြစ်ပါဘူး မာမီရဲ့"

"မြင့်သည် သူ့မိခင်အား သွက်လက်စွာပြန်၍ ပြောခဲ့ပြီး သူ့အခန်းတွင်း၌ အလှပြင်နေလေတော့သည်။

မြင့်သည် ဤသို့ပင်၊ သူ့မိခင်အား ပြန်၍ ပြောဆိုတတ်ပေသည်။

"ဟဲ့ . . . တင်မေ . . လာစမ်း"

"ရှင် . . . မမ၊ လာပါပြီ"

အိမ်အောက်ထပ် လှေကားဆီမှ တင်မေသည် မြင့်ရှိရာသို့ အပြေးကလေး တက်လာလေသည်။

"ဘာခိုင်းမယ်လို့လဲ မမ"

"ဟဲ့ . . . လာစမ်း၊ ဟိုဗီရိုထဲက ငါတို့အဝတ် တစ်စုံလုပ်စမ်း၊ တစ်လောက ငါရုပ်ရှင်ရုံဝတ်သွားတဲ့ ဆက်တွန့်လုံချည်ပွင့်ထိုး အပြာကလေးနဲ့ ဂျော့ဂျက်အင်္ကျီ

mgyoe.com

 mgyoe.com 

အဝါနုကလေး ပြီးတော့ လက်ကိုင်ပဝါ အပြာစင်းကလေးပါနော်၊ ဖိနပ်လည်း တစ်ခါတည်း ပြင်ထား၊ သွား ခြံထဲက တိုက်ပန်းအပြာဆုပ် တစ်ဆုပ်လောက်လည်း ခူးခဲ့၊ ခပ်မြန်မြန်လုပ်နော်" မြင့်သည် ခေါင်းတွင် ကျစ်ဆံလိပ်ကလေး ကျစ်နေရာမှ တင်မေအား အာဏာသံပါပါနှင့် ခိုင်းစေနေလေသည်။

မြင့်၏ ဂျော့ဂျက်အင်္ကျီ အဝါနုကလေးတွင် နီလာကြယ်သီးကလေးများကို တပ်နေရင်း တင်မေသည် မြင့် ပြင်ဆင်ဖြီးလိမ်းနေသည်ကို နောက်မှ ကြည့်နေမိလေသည်။

မြင့်မှာ ပြုပြင်ကာမှ ပိုမို၍ လှပလာလေသည်။

နဂိုရုပ်ရည် လှသည်ထက် ပြုပြင်ခြယ်သ၍ လှလာခြင်းမှာလည်း တစ်မျိုးပင် ချစ်ချင်စဖွယ် ရှိပေသည်။

အချို့သော သူတို့မှာ နဂိုရုပ်ရည်ပင် မလှပသော်လည်း ပြုပြင်ခြယ်သပြီး မွမ်းမံလိုက်သောအခါ နဂိုရုပ်ရည်နှင့် မတူတော့ဘဲ လှပခြင်းအသွင်မျိုး ဖြစ်ပေါ်လာရပေသည်။ သို့သော် တကယ်တမ်း စူးစိုက်၍ ကြည့်ရှုရပါမူ ဤလိုအလှမျိုးမှာ ကြာရှည် အကြည့်မခံနိုင်ကြပေ။

တကယ်လှပနေသည့် သူများမှာမူကား ပြုပြင်ခြယ်သပြီး၍ လှပလာသည့်အခါ ပိုမို၍ပင် အကြည့်ခံနိုင်ရည် ရှိပါပေသည်။ ထို့ကြောင့်ပင်လျှင် လူတို့သည် "နဂိုရှိမှသာ နကိုင်းထွက်" သည်ဟု ဆိုရိုးစကား ထားရှိလာကြရပေသည်။

မြင့်မှာ နဂိုရုပ်ရည်ရှိထားသူသာဖြစ်သဖြင့် လှပဖို့ရာမှာ အထူး မလိုသော်လည်း ပြုပြင်ခြယ်သလိုက်သည့်အခါ လှသည်ထက် လှလာပေမည်ကား မလွဲပင်။

မိန်းမများတို့၏ လှပခြင်း တစ်ရပ်ကို အချို့သောသူတို့က ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံပေသည်။ နန်းကိန္နရီနှင့် တူလှပေသည်။ ရွှေနန်းသူ အပျိုဖြူတို့နှင့် ဆင်သည်။ မဒ္ဒီဒေဝီ စသော တော်လေးဝတို့နှင့်ပင် နှိုင်းယှဉ်တတ်ကြပေသည်။

စင်စစ်မူကား မြင့်၏ ရုပ်ရည်အလှမျိုးကို ဘယ်အလှမျိုးနှင့်မျှ မနှိုင်းယှဉ်လိုပါ။ ဤနှိုင်းယှဉ်စရာ အလှမျိုးကား ယခုခေတ် မြင်ဖူးကြရမည့် အလှမျိုးသာ ဖြစ်ရပေမည်။ မြင့်၏ အလှကလေးမှာ ပြည့်ဝစိုဝင်းသော အလှ၏ ကောင်းခြင်းလက္ခဏာများနှင့် ပြည့်စုံပေသည်။ ခေတ်ဆန်သော လှပခြင်း တစ်ရပ်ဟုသာ ဖွဲ့လိုပါတော့သည်။

mgyoe.com

mgyoe.com


"ဟဲ့ . . . ကောင်မ၊ ဘာလို့ ဒီလောက်တောင် စိုက်ကြည့်နေရတာလဲဟင်၊ ဒီမှာ မပြီးနိုင်ရတဲ့အထဲ သွား မာမီ့ဆီမှာ ရုပ်ရှင်ကြည့်ဖို့ ငွေယူခဲ့စမ်း"

မြင့်သည် လှပသော နှုတ်ခမ်းနီလွှာကလေး နှစ်ချပ်ကို ဖွင့်ကာ အလှပြင်နေရာမှ လှည့်၍ တင်မေအား ငေါက်ငမ်း ခိုင်းစေလိုက်ပြန်လေသည်။

ဤကဲ့သို့ တစ်ခါတစ်ခါ အစေခံမကလေး တင်မေအား ငေါက်ငမ်း ခိုင်းစေလိုက်သည့်အခိုက် တင်မေသည် မြင့်အား ကြောက်ဒူးတုန်စွာဖြင့် ပျာပျာသလဲ လုပ်ကိုင်ပေးရပေသည်။

ဤသို့ဖြင့် ဖျတ်လတ်လျင်မြန်စွာ မလုပ်ပေးပါလျှင်လည်း မြင့်သည် စိတ်နောက်မှ ကိုယ်ပါလာကာ တင်မေအား ထိုးခေါက် ရိုက်ပုတ်တတ်ပေသည်။

တင်မေသည် ဤအခါမျိုးများ၌ အနည်းငယ် ဝမ်းနည်းသလိုလိုဖြစ်လာပြီး မျက်ရည်ကလေးများ စို့လာတတ်ပေသည်။ သို့သော် တင်မေ တကယ် ဝမ်းမနည်းရှာပါ။ ဤမျှလောက်သော တစ်ခါတစ်ရံ နာကျင်စေတတ်သည့် မာန်မဲ ရိုက်ပုတ်မှုများမှာ ပြီးလျှင် ပြီးတော့သည်။ ကြာရှည် စိတ်ညစ်ပြီး ပူပင်စရာအကြောင်းမျိုး မဟုတ်၊ သူ မကျေနပ်သည်ကို ကျေနပ်အောင် ပြုလုပ်ပေးနိုင်သည်သာလျှင် အေးချမ်းခြင်း ဖြစ်ပေမည်ဟု အသိဉာဏ်ဝင်ကာ တင်မေသည် မြင့်၏ အလိုကျ အခါခပ်သိမ်း ပြုလုပ်ဆောင်ရွက်ပေးလေ ့ရှိလေသည်။

မြင့်သည် ကိုယ်လုံးပေါ် မှန်ကြီးရှေ့တွင် ရှေ့ပြန်နောက်ပြန် ကြည့်ကာ အလှပြင်နေလေသည်။

မြင့်၏ အလှပြင်နေခြင်းမှာ အခန်းဝဆီမှ ဇာခန်းဆီးကို မ၍ ဝင်လာသော မော်လီအားပင် မမြင်မိစေနိုင်တော့ပါ။

"အလဲ့. . . မြင့်က သိပ်လှနေတာကိုကွဲ့၊ ဒါကြောင့် ထင်ပါရဲ့ ကိုအောင်ထူးတို့က မြင့်ကို မမြင်ဖူးခင်ကတည်းက ခင်မင်နေကြတာ၊ အေးလေ . . . မြင့်က တကယ်လည်း လှပေတာကိုး"

မြင့်မှာ မှန်ရိပ်မှ မြင်ရသော မော်လီအား လှည့်၍ မကြည့်သေးဘဲ အလှပြင်နေရာမှ ပြုံး၍သွားလေတော့သည်။

"ဒါလောက်ပဲလား မော်လီရယ်၊ မြင့် ဒါလောက် မလှချင်သေးပါဘူးကွဲ့၊ ကိုအောင်ထူးတို့က တကယ်ပဲ မြင့်ကို မမြင်ဖူးခင်ကတည်းက ခင်နေကြတယ်လား၊

mgyoe.com

mgyoe.com


အဲဒါ မော်လီက ပြောတာ ထင်ပါရဲ့ကွယ်၊ မြင့်ကို ခင်ရအောင်၊ မြင်မှ မမြင်ဖူးသေးဘဲနဲ့ မဖြစ်နိုင်ပါဘူး"

"မြင့်က မယုံဘူးလား၊ မော်လီ တကယ်ပြောနေတာပါကွဲ့၊ မြင့်ရဲ့ ရုပ်ပါရုံဟာ ကြားရရုံနှင့်ပဲ ခင်မင်နိုင်တယ်ဆိုတာ မြင့်က မသိလို့သာ ပြောနေတာ၊ မြင့်တို့ သူငယ်ချင်းတွေဆီက တစ်ဆင့် ကြားကြရတော့ သူတို့လည်း မြင့်ကို မြင်ဖူးချင်ပြီး ခင်မင်နေကြတာပေါ့၊ မြင့်က တကယ်လည်း ချောပေတယ်ကွဲ့၊ မြင့် လှတယ် ချောတယ်ဆိုတာ သိတဲ့ လူတိုင်းက ဝန်ခံနေကြရတာပဲ"

မြင့်သည် မော်လီကို ကြည့်ပြီး ပြုံးနေပြန်လေသည်။

ဆတ်တွန့်အပြာရောင် ပွင့်ထိုးထဘီကလေးမှာ မြင့်၏ နဂိုအလှဖြင့် လိုက်ဖက်လှပေသည်။

ကျစ်ဆံခွေကလေး၏အထက် ပိုက်နက်ကလေး၏ အောက်နားမှ ကပ်၍ ပန်ထားသော တိုက်ပန်းအပြာဆုပ်ကလေး ဆတ်တွန့်ထဘီကလေးနှင့် အရောင်ချင်း ဟပ်မိနေလေသည်။ နီလာရင်ထိုးနှင့် ကြယ်သီးကလေးများမှာ ပိုးတွန့် အဝါနုလေးပေါ်မှ အောက်ခံထဘီကို ငုံ့ကြည့်နေကြသည်သို့ အရောင်ချင်း ဆက်စပ်၍ နေကြလေသည်။

"မာမီ မြင့် သွားတော့မယ်နော်"

ဒေါ်စိန်းလှသည် သမီးချော ခင်စိန်းမြင့်အား ကြည့်ကာ ကြည့်၍ မဝနိုင်တော့သလိုသာ ဖြစ်နေလေသည်။

"မာမီ ကား လွှတ်လိုက်ရဦးမလား၊ သမီးတို့ ဘယ်မှာ ကြည့်ကြမှာလဲ"

"နေပါစေ မေမေ . . . အဆင်သင့်ရာမှာ ကြည့်ကြမှာပဲ၊ အိမ်ပြန်တော့ မော်လီတို့ လိုက်ပို့ကြမှာပေါ့၊ ထမင်းစား မစောင့်နဲ့ မာမီ၊ မြင့် အပြန် မှောင်ချင်မှောင်နေမှာ"

"အေး . . . အေး . . . သွား . . . သမီး"

ဒေါ်စိန်းလှသည် ကားပေါ်သို့ သူငယ်ချင်းများနှင့် အတူတကွ လိုက်သွားသော သမီးအား ပြုံး၍ ကြည့်ရင်း ကျန်ခဲ့ရာ ပန်းခြံတွင်းဆီသို့ ဆင်းလာခဲ့လေသည်။ ကျလုဆဲ နေရှိန်မှာ တောက်လောင်ပြီး ပူပြင်းနေဆဲပင် ဖြစ်ပေသည်။

သစ်ရွက်ခြောက်များ ခြံထဲ၌ ပြေးလွှားလွင့်ပါးနေရာ လေပူတစ်ချက်မျှ နှောက်လိုက်လေသေးသည်။

mgyoe.com

mgyoe.com


တင်မေသည် မြင့်၏ အိပ်ခန်းထဲ၌ ဖရိုဖရဲ ကျန်ရှိခဲ့သော မြင့်၏ ပစ္စည်းများကို ကောက်ယူသိမ်းဆည်း၍ နေလေသည်။

ဖဲသရက်ထည် အပွင့်ပြာဆုပ် အဆင်နှင့် ထဘီမှာ မြင့်ခါးမှ လျှောကျပြီး ကွင်းလုံးကျွတ်လျက်သား ကျန်ရှိခဲ့လေသည်။

တစ်ပတ်ရစ် ပိုးရှုံ့သားအကျီနှင့် သီဟိုဠ်ဇာဘော်လီကလေးမှာ အိပ်ရာခုတင်၏ ခြေရင်းဘက်ရှိ ကိုယ်လုံးပေါ် မှန်ကြီးရှေ့တွင် ပုံလျက်သားကလေး ရှိနေပေသည်။

လက်ကိုင်ပဝါ အပြာစင်းကလေးမှာ အကျီပုံနားတွင် ကပ်လျပ် ရှိနေပေသည်။

တင်မေသည် မြင့်၏ လုံချည် ကွင်းလုံးချွတ်ခဲ့သည်ကို ကောက်ယူပြီး ခေါက်လိုက်သည့်အခါ မွှေးသောရနံ့ တစ်ခုကို ရရှိလေသည်။

"လပ်" ဆပ်ပြာနံ့လိုလို သင်းသင်းကလေးပင်တည်း။

တင်မေသည် လုံချည် အပြာပွင့်ကို ဖြန့်၍ ယုယစွာ ခေါက်သိမ်းထားရှာသည်။

မြင့်၏ အကျီဝတ်ပြီးများမှာလည်း အမြလိုလို အနောက်တိုင်းဖြစ် ရေမွှေးနံ့ကလေး ပျံ့သင်းလျက် ရှိတတ်ပေသည်။

မြင့်သည် အလှအပ၊ အကောင်းအမွန်မှန်သမျှ သူကြိုက်လိုက်သည် ချည်းသာ ဖြစ်တော့သည်။

မှန်တင်ခုံပေါ်၌ကား ပွန်းအလှဆီများ၊ ပွန်းပေါင်ဒါများနှင့် နှုတ်ခမ်းဆိုးဆေး၊ ပါးအိုနီခြယ်ဆေးနှင့် လက်သည်းဆိုးဆေး စထရော်ဘယ်ရီရောင်ကလေးများမှာ ပွရွ ပြန့်ကျဲ၍သာ နေကြလေတော့သည်။

တင်မေသည် ပစ္စည်းကလေးများကို အထူးအဆန်းကလေးများပမာ ယုယစွာ ကိုင်တွယ်ကြည့်ရှုပြီး နေထားတကျ သိမ်းဆည်း၍ ထားလေသည်။

တင်မေသည် မြင့်၏ ပစ္စည်းလေးများကို သိမ်းပြီးသောအခါ ကြမ်းပြင်များကို ပြောင်ချောအောင် လှည်းကျင်း၍နေလေသည်။

"တင်မေ ... ဧည့်ခန်းက ပစ္စည်းတွေ သွားသိမ်းလိုက်ဦး၊ မမမြင့်ပြန်မလာခင် ပြီးအောင် လုပ်ထား ပွနေတာ မြင်ရရင် ဆူနေပါဦးမယ်ဟယ်"

mgyoe.com

mgyoe.com


ဘလှမြင့်သည် မြင့်၏ အိပ်ခန်းဝမှ ရပ်၍ တင်မေအား လှမ်းပြောလိုက်လေသည်။

"ဟုတ်ကဲ့ အစ်ကိုမြင့်၊ ဒီမှာပြီးရင် လာသိမ်းပါ့မယ်၊ အစ်ကိုမြင့်ကော ရေချိုးတော့မလား . . . ဟင်"

တင်မေသည် ကြမ်းတိုက်နေရာမှ ဘလှမြင့်အား မော့ကြည့်ပြီး ပြန်မေးလိုက်လေသည်။

"အေး . . . အေး. . . ဒီကပြီးမှပဲ ချိုးတာပေါ့၊ နင့်အလုပ်တွေသာ ပြီးအောင် လုပ်ပါဦး"

တင်မေသည် အိမ်ရှိ အိမ်သားများ၏ တာဝန်ဟူသမျှကို တစ်ခုမကျန် ကျေပွန်စွာ ဆောင်ရွက်တတ်ပေသည်။

ဧည့်သည်များ ပြန်သွားကြသော ဤအချိန်မှာ ဘလှမြင့်တို့ ရေချိုးလေ့ရှိသော ညနေခင်းအချိန်ပင် ဖြစ်ပေသည်။

အိမ်သားများ ရေချိုးကြရာ၌ တင်မေသည် ရေချိုးခွက်၊ ဆပ်ပြာ၊ ရေလဲလုံချည်၊ ကိုယ်ရေသုတ်ပဝါမှစ၍ လိုလေသေးသည် မရှိရအောင် စီမံလုပ်ကိုင်ပေးရလေသည်။

ထို့ကြောင့်ပင်လျှင် ဘလှမြင့်မှအစ သူဌေးကတော်ကြီးတို့ကပါ တင်မေအား အလိုက်သိတတ်သည့်အလျောက် သနားချစ်ခင်ကြရပေတော့သည်။

"ဩော် . . . အစ်ကိုမြင့်က မမမြင့် ပြန်လာရင် ဆူသံကြားရဦးမှာမို့ ထင်ပါရဲ့ သိမ်းခိုင်းနေတာ၊ အစ်ကိုမြင့်က ပူပင်တတ်တယ်နော် . . . မမမြင့်ကသာ ဘာမျှလည်း မပူတတ်ဘူး . . . ဆူပဲ ဆူတတ်တာ . . . ဒါပေမဲ့လေ . . . ဘာလုပ် ဆူရပူရမှာလဲ တင်မေ အကုန်လုံး လုပ်နေတဲ့ဟာပဲ . . ."

တင်မေသည် ဘလှမြင့်၏ ရေလဲလုံချည်ပိုင်းကို ကောက်၍ လျှော်နေရင်းမှ တွေးတောနေမိလေသည်။

ညစာထမင်းစားပွဲ၌ ဘလှမြင့်တို့ သားအဖ သုံးယောက်သာ ထမင်းစားရန် ရောက်လာကြပေသည်။

ခင်စိန်းမြင့်မှာ ည ခုနစ်နာရီကျော်နေသည့်တိုင်အောင် မရောက်လာသေးပေ။

❐

mgyoe.com

mgyoe.com

## အခန်း (၅)

"မြင့် တစ်ယောက် ဘယ်သူနဲ့ ရုပ်ရှင်သွားကြည့်တာလဲ မစိန်းလှရဲ့၊ ညည့် သည်လာလို့လား၊ အိမ်က ကားနဲ့ ကြိုလွှတ်ပါမှပေါ့ကွယ်၊ မှောင်လှပြီ"

ဦးဘမြင့်သည် သမီး ခင်စိန်းမြင့်အား မမြင်သဖြင့် ဇနီးသည်ကို လှမ်း၍ မေးလိုက်လေသည်။

"ဩော် . . . မော်လီတို့ လူစုနှင့်ပါ ကိုမြင့်ရယ်၊ ပြီးတော့ တက္ကသိုလ်က ကျောင်းသား နှစ်ယောက်လည်း ပါတယ်၊ သူတို့တစ်တွေက မြင့်ဆီ လာလည်ရင်း ရုပ်ရှင်ကြည့်ဖို့ ခေါ်ကြတာနဲ့ ထည့်လိုက်ရတယ်။ မော်လီ ပြန်ပို့ပါလိမ့်မယ်။ မော်လီ တို့ကားနဲ့ သွားကြတာပါ ပူစရာ မရှိပါဘူး"

"တက္ကသိုလ်က ကျောင်းသားတွေလည်း ပါတယ် ဟုတ်လား၊ ဘယ်သူ့သား သမီးတွေမျှားလဲကွယ်၊ သမီးကို မသိတဲ့ ယောကျ်ားကလေး မိတ်ဆွေတွေနဲ့ မလိုက် ပါစေနဲ့ကွယ်၊ တက္ကသိုလ်ကျောင်းသားကော ကိုယ်သိတဲ့ဟာတွေမှ မဟုတ်ဘဲ၊ မော်လီကတော့ ကိစ္စမရှိပါဘူးလေ . . . "

"ကျွန်မလည်း မလိုက်ဖို့ ပြောပါသေးတယ်၊ သမီးဖေဖေ လိုက်ပို့မှပဲ ကြည့်တာပေါ့လို့ . . . ဒါပေမဲ့ ကိုမြင့်သမီးအကြောင်းလည်း သိသားပဲ၊ တစ်ခါ တည်း စိတ်ကောက်နေတာပဲ၊ ပြီးတော့ တက္ကသိုလ်ပြောင်းရမယ့် နှစ်မိုလို့ မိတ်ဆွေ သစ် ဖွဲ့ပါရစေ ဆိုတာနဲ့ ကျွန်မလည်း အလိုလိုက်လိုက်ရတာပဲလေ . . . နောက် မထည့်ပါဘူး"

mgyoe.com

mgyoe.com


"ငယ်ရွယ်သူတွေ ဆိုတော့လည်း ပျော်သာ ပျော်ကြပေါ့ကွယ်၊ ဒါပေမဲ့ အပေါင်းအသင်း ကြည့်ပြီး ပေါင်းပါစေကွဲ့၊ မြင့်တို့ အရွယ်ကလေးတွေ ဆိုတာက နီးစပ်ရာ ခင်မင်ပြီး အရောတဝင် နေတတ်ကြတယ်၊ နောင်တော့ ကလေးစိတ် အတိုင်း မသင့်တာ မတော်တာတွေ ပူပင်နေရမှာစိုးလို့ သတိပေးတာပါကွယ်၊ သမီးဆိုတာက မအေက ကြည့်ပြီး ထိန်းသိမ်းပေးတတ်ရင်လည်း ပူဖို့ မရှိပါဘူး"

"မြင့် ဒီလောက် မမိုက်ဘူးလို့ ထင်တာပဲ ကိုမြင့်ရဲ့၊ မြင့်က ပျော်ပျော်နေ တတ်လေတော့ မသိသူအဖို့ စိတ်ပူစရာပေပဲပေါ့၊ ကျွန်မလဲ သင့်တော်သလိုပဲ ကြည့်ရှုထိန်းသိမ်းပါတယ်၊ သိပ်လည်း မချုပ်ချယ်ချင်လှဘူး ကိုမြင့်ရယ်၊ သူတို့ခေတ် က ကျွန်မတို့တုန်းကလိုမှ မဟုတ်ဘဲပဲ။ ပေါင်းသင်းဆက်ဆံရေး အသိမိတ်ဆွေတွေ တိုးပွားပြီး ဗဟုသုတရှိဖို့အရေးတွေက သိပ်များတာပဲ။ မြင့်ဟာ ငယ်တဲ့အရွယ်မှ မဟုတ်ဘဲ အပျိုကြီးဖားဖားပဲ ဖြစ်နေပါပြီ"

"ဩော် . . . မစိန်းလှနှယ်၊ အပျိုကြီးဖားဖားပဲဖြစ်စေ၊ အရွယ်ပဲ လွန်နေပါ စေ၊ အပျိုဆိုတာ အရိုင်းသက်သက်ပဲပေါ့ကွဲ့၊ တက္ကသိုလ်ကျောင်းသားဆိုတိုင်းလည်း ဘာလို့ ယုံကြည်စိတ်ချရမှာလဲ၊ ကိုယ် သိပြီးသားမှ မဟုတ်တာ"

"ကျွန်မလည်း သူ့ချည်းပဲတော့ မထည့်ဖြစ်ပါဘူး၊ မော်လီပါ ပါလာတော့ ထည့်လိုက်မိတယ်"

ထမင်းပွဲသိမ်း၍ ပြီးသည့်တိုင်အောင် မြင့်သည် ပြန်မရောက်လာသေး ပေ။

သူဌေးကတော်ကြီးသည် သမီးအတွက် ပူပင်စ ပြုလာလေတော့သည်။ အိမ်အပေါ်ထပ် ပြတင်းဆီမှ ခြံတွင်းသို့ လှမ်း၍ မျှော်နေရင်း မြင့်ကို စိတ်ပူ၍ သာနေလေသည်။

ဘလှမြင့်သည် သူ့အိပ်ခန်းထဲ၌ စာဖတ်မြဲ ဖတ်၍နေလေ၏။ ညရှစ်နာရီ ထိုးပြီးသောအခါ အော်စတင်ကားကလေး တစ်စင်းသည် စံရိပ်ငြိမ်ခြံကြီး၏ ဝင်ပေါက်ဝဆီမှ ညင်သာစွာ မောင်းနှင်၍ ဝင်လာပေသည်။ ခြံပေါက်ဝရှိ ပန်းချုံ တစ်ဖက်ကွေ့တွင် ရုတ်တရက် ရပ်လိုက်လေတော့သည်။

အိမ်ကြီး အပေါ်ထပ်ရှိ ဇာခန်းဆီး အပြာရောင်များမှာ ညဦးလေအေး တွင် တန့်ခွဲ့ခွဲ့ လှုပ်ရှားနေကြပေသည်။

mgyoe.com

mgyoe.com


အော်စတင်ကားကလေးထဲမှ မြင့်သည် တံခါးကိုဖွင့်ကာ ဖြုတ်ခနဲ ဆင်းလိုက်ပြီး မသွားသေးဘဲ ရပ်၍ စောင့်နေလေသည်။ မြင့်၏ နောက်မှ ယောကျ်ားပျို တစ်ယောက်မှာ မြင့်နှင့် ထက်ကြပ် လိုက်ပါလာပြီး သူတို့ရပ်နေရာ ချုံတစ်ဖက် ကွေ့သို့ ဆက်လက်၍ လျင်မြန်စွာ လျှောက်သွားကြလေသည်။ ကားကလေးထဲမှ လူများမှာ ငြိမ်ချက်သား ကောင်းလှတော့သည်။

ညလေပြည်သည် ပန်းချုံများကို ကစားကျီစယ်သလို တရှန်းရှန်း ဖြစ်လာအောင် တိုးဝှေ့လေသည်။

"ကဲ . . . မြင့် ပြန်တော့နော်၊ နောက် ဘယ်တော့ လာခဲ့ရဦးမှာလဲ"

"အို . . . ကိုအောင်ထူးကလည်း မေးနေပြန်ပါပြီ၊ ဘယ်တော့လာလာပဲပေါ့ မေးမနေစမ်းပါနဲ့ ဒါလင်ရယ်၊ မြင့်ကိုချစ်ရင် ဒီလိုနောက် ဘယ်တော့မှ မပြောပါနဲ့၊ ကျောင်းမဖွင့်ခင် မြင့်တို့ အိမ်ကိုပဲ မကြာခဏလာပေါ့၊ မြင့်မာမီကလည်း သဘောကောင်းပါတယ်"

"အို . . . ဒီလိုဆိုရင် မြင့်ရေ . . . နောက်တော့သာ လာလွန်းလို့ မညည်းပါနဲ့နော် . . . ကဲ . . . ကဲ . . . သွားမယ် မြင့်၊ ရှစ်နာရီတောင်ကျော်သွားပြီ၊ မြင့်မာမီက နောက်ကို နောက်ကျတယ်ဆိုပြီးများ မထည့်ဘဲနေပါဦးမယ်ကွယ် . . ."

ယောကျ်ားပျိုသည် မြင့်အပါးကို ဖျတ်ခနဲ ကပ်လာပြီး မြင့်၏ ဖြူဖွေးသော လက်သည်းနီနှင့် လက်ဖျားကလေးကိုဆွဲကာ မြင့်အား တစ်အား ဖက်ညှစ်လိုက်ပြီး လှည့်၍ ထွက်ခဲ့လေတော့သည်။

"မြင့် ပေးတာလေးကို အမြဲပဲ ဆောင်ထားပါနော် . . ."

"ဂွတ်နိုက် . . . ဒါလင်"

နှစ်ဦးသားမှာ သံပြိုင်နှုတ်ဆက်ကြပြီး မြင့်သည် အိမ်ကြီး အပေါ်ထပ်လှေကားဆီသို့ ပေါ့ပါးရွှင်ပျစွာ ပြေးတက်လာခဲ့လေတော့သည်။

ဧည့်ခန်းရှိ ဆိုဖာပေါ်တွင် မြင့်၏ မိခင်ကြီးသည် စိုးရိမ်ကြောင့်ကြစွာဖြင့် မအိပ်နိုင်ရှာသေးဘဲ သမီးအား စောင့်မျှော်နေဆဲပင် ရှိလေသည်။

ဧည့်ခန်းဝမှ ဖြတ်ကျော်၍သွားသော မြင့်အား မြင်မှ ထိုင်နေရာမှ ရုတ်တရက် ထကာ မြင့်ကို အသံပြုလိုက်လေသည်။

mgyoe.com